မြတ်ဗုဒ္ဓ၏အဆုံးအမတရား
မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါး တို့သည်တိုးပွားကုန်၏။ ဓမ္မပဒ

မြဝတီ
နေ့စဉ်
တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၆)၊ အမှတ်(၁၁၄)
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္လာနေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှစ်သိမ့်အားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာ များ၌ ရေဝင်ရောက်မှုနှင့်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များစုပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်နေရာများသို့ ပို့ဆောင် နေရာချထားပေးလျက်ရှိသည်။ စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## သီပေါမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်တွင် ဩဂုတ်လ ၅ ရက်မှ ၈ ရက် အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာသစ်ကျေးရွာအုပ်စု၊ ညောင်ပင်ကွင်း ကျေးရွာရှိ နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံသည် ဩဂုတ်လ ၈ ရက် နံနက် ၁၀ နာရီခန့်တွင် စာမျက်နှာ ၇ ကော်လံ ၃ ▲



ဩဂုတ်လ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ နမ့်ပေါ့ချောင်းအတွင်း ကျောက်စီမြေထိန်းနံရံအား သဲအိတ်များကာရံခြင်းဆောင်ရွက်စဉ်။

ယနေ့ဖတ်စရာဆောင်းပါး

စုပေါင်းအားဖြင့်ရင်ဆိုင်ကျော်လွှား ခိုင်မာသည့်မြန်မာ့စွမ်းအား
စာ - ၁၄ သို့

နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးအတွက် အာကာသနည်းပညာ
စာ - ၂၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်)

# လူမှုအသိုင်းအဝိုင်းကို ပိုမိုနွေးထွေးစေသည့်အင်အား

လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍မရနိုင်သော်လည်း လူတို့၏လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိဆောင်ရွက်နိုင်သည်။ သဘာဝဘေးအန္တရာယ်ကို မလွှဲမသွေရင်ဆိုင်ကြုံတွေ့ရပါကလည်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်နိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့်ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု စသည့်အမျိုးမျိုးသောအကြောင်းအရာများကြောင့် သဘာဝဘေးအန္တရာယ်များရှိနေဦးမည်ဖြစ်သည်။ ထိုသို့ရှိလာသည့်အခါ ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရေး တစ်ကမ္ဘာလုံး၏အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားထိရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှတစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျကာ ရေကျော်စီးဝင်မှုဖြစ်ခဲ့သည်။ ရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စုကိုးထောင်ကျော်၊ လူဦးရေသုံးသောင်းကိုးထောင်ကျော်ရေဘေးသင့်ခဲ့သည်။ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ၁၇ ခုဖွင့်လှစ်ထားရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်ခံစားရသည့်ဒေသများသို့ အလျင်အမြန်ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှုဖြစ်ပွားချိန်ကတည်းက ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများပံ့ပိုးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်သားများကလည်း အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးကို အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျိုးပေါက်မှုဖြစ်စဉ်စတင်ခဲ့သည့် ဇူလိုင်လ ၃၁ ရက်မှစပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များစုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွဲ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းသိမ်းကာကွယ်ခြင်း၊ ပန်းတာ၏ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ လာမည့်ရက်များတွင်လည်း သစ်သား/သံကိုယ်ထည်စက်လှေသုံးစင်းကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်းတားဆီးခြင်း၊ မြှုပ်ထားသည့်စက်လှေများပေါ်သို့ သဲအိတ်ကြီးများထပ်ဖြည့်ချခြင်းတို့ကိုဆောင်ရွက်မည်ဖြစ်သည်။ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလ ထိန်းသိမ်းရေးဆောင်ရွက်ရန်စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေရေး ပန်းတာ၏ရေကျော်ဝင်ရောက်နေသည့်နေရာတွင် ၁၂ မီတာအရှည်ရှိသည့် Steel Sheet Pile များကို အလျားပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ် **“မိမိတို့မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် လှူလှူမလျော့၊ မျှလှူမကုန်ဟူသောစိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြပါကြောင်း၊ မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများအား မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ချီးကျူးဖွယ်ဓလေ့တစ်ခုဖြစ်ပါကြောင်း၊ ယနေ့အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၄ ဘီလီယံကျော်ကိုပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့်မှတ်တမ်းတင်ပါကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာသည့်အခါတိုင်း မြန်မာပြည်အနှံ့အပြားမှ ပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူစုပေါင်းလှူဒါန်းကူညီကြသည်ကို မြင်တွေ့ရသည်။ ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက်မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့်အင်အားတစ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## နတ်မောက်မြို့၌ ဆေးလိပ် ဆေးရွက်ကြီးနှင့် အရက် အန္တရာယ်အကြောင်းအသိပညာပေး

နတ်မောက် ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်အန္တရာယ်အကြောင်းအသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၈ ရက်နံနက်ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ရီရီငြိမ်းက ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ Electronic Smoking Devices သုံးစွဲမှုသည် အန္တရာယ်အလွန်ကြီးမားသည့်အတွက် E-cigarette Vape နှင့် Heated Tobacco Product များ၊ Electronic အငွေ့ရှူစက်များ၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကလေးလူငယ်ဘဝမှစတင်ပြီး မသုံးစွဲကြရန်၊ မိမိ မိသားစုအတွက်၊ မိမိတိုင်းပြည်အတွက် အကျိုးပြုနိုင်သူများဖြစ်အောင် အသိပညာ၊ အတတ်ပညာများနှင့် အထွေထွေဗဟုသုတများကိုကြိုးစားရှာဖွေသင်ယူပြီး မှန်ကန်သည့်အတွေးအခေါ်နှင့် ဉာဏ်ပညာများရရှိစေရန် စာအုပ်စာပေကောင်းများကိုရွေးချယ်ဖတ်ရှု၍ အကျင့်စာရိတ္တကောင်းမွန်ပြီး ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်အောင်ကြိုးစားသွားကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။ **လှဝင်း**

## မန္တလေးတွင်ဆေးကုသမှုခံယူမည့် နယ်ဝေးလူနာများ အခမဲ့လာရောက်တည်းခိုနိုင်

မန္တလေး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် လမ်း ၄၀၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား မဟာအောင်မြေပေါင်းလဲတိုက် ဝါဆိုကျောင်း၌ အာယုသုခကျောင်းဆောင်ဆောက်လုပ်ထားပြီး နယ်ဝေးမှ မန္တလေးမြို့သို့လာရောက်၍ ကျန်းမာရေးအတွက်ဆေးကုသစဉ် နေထိုင်ရန် အခက်အခဲရှိသော သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများအနေဖြင့် လာရောက်တည်းခိုနိုင်ကြောင်း သိရသည်။

အဆိုပါအာယုသုခကျောင်းဆောင်သည် အလျားပေ ၅၀၊ အနံ ၃၅ ပေရှိသည့် အာစီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ၁၀ ပေ၊ ၁၄ ပေ အခန်းသုံးခန်း၊ ၁၀ ပေ၊ ၁၂ ပေ အခန်းငါးခန်း၊ ပထမထပ်တွင် ၁၀ ပေ၊ ၁၄ ပေ တစ်ခန်း၊ ၁၀ ပေ၊ ၁၂ ပေ နှစ်ခန်း၊ ပေ ၃၀ ပတ်လည်ဟောခန်းတို့ပါဝင်သည်။

ထို့ပြင် အာယုသုခကျောင်းဆောင်၌ ကျန်းမာရေးအတွက်အသုံးပြုရန် အောက်ဆီဂျင်အိုး၊ အောက်ဆီဂျင်တိုင်းစက်နှင့် သွေးပေါင်ချိန်စက်များပါ ထားရှိပေးထားသည်။ ဆေးကုသရန် လာရောက်တည်းခိုလိုသော သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဖုန်း-၀၉-၄၄၁၀၁၈၇၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

မြိတ် ဩဂုတ် ၉

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဇူလိုင်လကုန်အထိ မိုးစပါးဧက ၁၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၌ တစ်ဧကေပန်းတိုင်အထွက်နှုန်းရရှိရေး မိုးစပါးဧက ၂၇၇၈၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲနိုင်ရန် မိုးစပါးမျိုးစေ့ထုတ် (RS–CS) ဧက ၅၀၀၊ ခေါင်နှံမျိုးသန့်မျိုးပွားခြင်း ဧက ၆၀ လျာထားဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ကျော်ဇေယျ ၄၆၅၀၁ ဧက၊ ရွှေဝါထွန်း ၁၁၉၆၅ ဧက၊ ဆင်းသွယ်လတ် ၄၅၈၂ ဧက၊ အောင်နိုင်တိုး ဧက ၁၈၀၊ ဆင်းသုခ ၆၁၈၁၅ ဧက၊ GW–11 ဧက၂၇၀၀၊ သီးထပ်ရင် ၃၄၅၇ ဧက၊ ရောပဒေသာ ၁၂ ဧက၊ ရက်(၉၀) ၁၁၈၂ ဧက၊ မနောသုခ ၄၃၂၇ ဧက၊နံ့ကောက် ဧက ၁၅၀၊ ရွှေဘို(၁) ဧက ၁၈၃၀၊ မော်ဘီ (၃) ၅၅၄ ဧက၊ GW–18 ၇၂ ဧက အထွက်ကောင်းမျိုး စုစုပေါင်း ၁၃၉၃၂၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ဒေသမျိုးကောက်ညှင်း ၂၀၅ ဧက၊ စပါးလုံးနီ ၂၅ ဧက၊ ခေါက်မလိ ၂၇၉၂ ဧက၊ ခေါက်ဒင် (တောင်ယာ) ၅၉၃ ဧက၊ ငစိန်ဧက ၃၀၁၀၊ အာစီရွေး ၈၈၄၉ ဧက၊ ကမာကြည် ၈၆၂ ဧက စုစုပေါင်း ၁၆၃၃၆ ဧကတို့အပြင် အရည်အသွေးကောင်းမျိုးများဖြစ်သည့် ပေါ်ဆန်းရင် ၂၈၉၂ ဧက၊ ပေါ်ဆန်းမွှေး ၉၁၆ ဧက၊ မြီးတုံး ၄၂၈ ဧက၊ ရောမင်း ၃၃၂၉ ဧက၊ မော်ဘီ(၂) ၃၀၇၂ ဧက စုစုပေါင်း ၁၀၆၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၂၂၉၁ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၇၃ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် ဧက ၂၂၀၀၀၀ ကျော်စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ဇူလိုင်လကုန်အထိ မိုးစပါး ၁၆၆၃၀၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



## ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ကျောင်းသားကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြော

ဖဲ ဩဂုတ် ၉

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၈ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာအေးက ကျောင်းကျန်းမာရေး ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအုန်းဝင်းက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုစွဲလမ်းစေတတ်သော ဆေးဝါးများဆိုင်ရာ သိကောင်းစရာများ၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့်ဆိုးကျိုးများကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအုန်းဝင်းနှင့် ကျန်းမာရေးဆရာမများက တက်ရောက်လာကြသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းမုန့်ဈေးဆိုင်မှ ဈေးသည်များအား သန်ချဆေးများ တိုက်ကျွေးကြောင်း သိရသည်။

**မယု(ငဖဲ)**

## ပုသိမ်မြို့နယ်၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပုသိမ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု စမ်းကန့်လန့်ကျေးရွာ၌ တည်ဆောက်ခဲ့သော ဘက်စုံသုံးခန်းမဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက စမ်းကန့်လန့်ကျေးရွာရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဘက်စုံသုံးခန်းမကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဘက်စုံသုံးခန်းမသည် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## တိုက်ကြီးမြို့နယ် ကန်သာယာကျေးရွာ၌ ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်ရှိ ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်လ ၈ ရက်က ဆင်စခန်းကျေးရွာအုပ်စု ကန်သာယာကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကျော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်၊ မှော်ဘီမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်း၊ တိုက်ကြီးမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာ ထွန်းလှိုင်(မြိုင်)တို့က မုဒိတာစကားများပြောကြားပြီးနောက် စာကြည့်တိုက်အတွက် အလှူငွေနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီနာယကထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာထွန်းလှိုင်(မြိုင်)နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်စောဝတ်ရည်တို့က ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



# စံကျောင်းပိဋကတိုက်အား အသစ်တစ်ဖန်ပြန်လည်မွမ်းမံပြင်ဆင်၊ ကျောင်းတိုက်အတွင်းရှိလမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်းလှူဒါန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းကြီး၏ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ကျက်သရေဆောင်တစ်ခုဖြစ်ပြီး ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ အထိမ်းအမှတ်ဖြစ်သော နှစ်ပေါင်း (၁၁၀) သက်တမ်းရှိ စံကျောင်းပိဋကတိုက်ကြီးမှာ မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရန် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသအမှူးပြုသော ဆရာတော်များထံမှ ဩဝါဒများခံယူ၍ ကုသိုလ်ရှင်များ၏ ကောင်းမှုဖြင့် ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခဲ့သည်။

မန္တလေးလျှပ်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စံကျောင်းပိဋကတိုက် အသစ်တစ်ဖန် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိလမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်း လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်အလယ်ကျောင်းကြီး၌ ကျင်းပရာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

နှစ်ပေါင်း (၁၁၀) သက်တမ်းရှိစံကျောင်းပိဋကတိုက်အား ရှေးမူမပျက် အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော်ကြီး၏ ပုံတူကြေးရုပ်တုတော်နှင့် သစ်သားပုံတူ၊ ထေရုပ္ပတ္တိပန်းချီကားချပ်ကြီး ၂၃ ချပ်၊ မင်းတုန်းမင်းတရားနှင့် သီပေါမင်းတရားတို့ဆက်ကပ်လှူဒါန်းခဲ့သည့် တံဆိပ်တုံးများ၊ ဆရာတော်ကြီး၏အသုံးအဆောင်ပစ္စည်းများ၊ ကျမ်းစာများ၊ ကျမ်းစာအုပ်များ စသည်ဖြင့် ရွှေကျင်နိကာယ ဗဟိုဌာန၏ မှတ်တမ်းမှတ်ရာများ၊ ရွှေကျင်ဂိုဏ်းကြီး၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျထိန်းသိမ်းထားရှိမှုများ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစည်အလယ်တိုက်ကြီးအား ရှေးမူမပျက်ပြုပြင်မွမ်းမံထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြဝတီ**





# အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြိတ်မြို့နယ် ရေပုန်းဘောလုံးကွင်း၌ ဘောလုံးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၉**

တနင်္သာရီတိုင်းဒေသကြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့နယ်ဘောလုံးအဖွဲ့ချုပ်က ရေပုန်းဘောလုံးကွင်း၌ အပတ်စဉ် ကျောင်းပိတ်ရက်များတွင် ဘောလုံးသင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ သင်တန်းဖွင့်လှစ်နေမှု၊ သင်တန်းသားများ၏လေ့ကျင့်နေမှုကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး နည်းပြများကိုထောက်ပံ့ငွေများပေးအပ်၍ အားကစားကွင်းစိမ်းလန်းစိုပြည်ရေး၊ ကွင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ဂိုးတိုင်ဂိုးပိုက်များကို စနစ်တကျတပ်ဆင်ထားရှိရေးနှင့်အားကစားသမားများ ရာသီမရွေးလေ့ကျင့်ကစားနိုင်ရန် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရေး မှာကြားသည်။

ဆက်လက်၍ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိရိပ်သာခန်းမ၌ မြိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ခဲ့သည့်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းက မြိတ်ခရိုင်ညှိရိပ်သာ၌ မြိတ်မြို့နယ် မြို့မိမြို့ဖများ၊ အားကစားဆပ်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး အားကစားကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် လက်တွဲညီစွာပူးပေါင်းဆောင်ရွက်ရန်နှင့် အားကစားရေးရာဝန်ကြီးဌာနနှင့် အတူ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဘောလုံးအားကစားနည်းအပြင် အခြားသော အားကစားနည်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အားကစားဆပ်ကော်မတီများထံ အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်၍ မြိတ်မြို့နယ် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်မှ ငွေကျပ် သိန်း ၁၀၀၀ နှင့် ကျော်နေစိုးကုမ္ပဏီလီမိတက်မှ ငွေကျပ် သိန်း ၃၀၀ ထောက်ပံ့ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများသည် ခရိုင်/မြို့နယ်များသို့အထူးကုဆေးကုသရေးခရီးစဉ်များဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးတို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီး ၁၁ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်တို့တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ အဆိုပါဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကုသမှုပေးရာတွင် အထွေထွေရောဂါလူနာ ၂၂၇ ဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ၁၅၀ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၅ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၄၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၅၁ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၄၄ ဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါလူနာ ၇၄ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုလူနာ ၁၀၈ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၃၇ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၂၂၄ ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၃၃ ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၁၁၂ ဦး၊ အခြားရောဂါ လူနာ ၆၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၂၅၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။



ထို့ပြင် နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း (Echocardiography) ၁၀၉ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်းခြောက်ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်းနှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (CT scan) ၁၆ ဦး၊ ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၁၂၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၃၁၇ ခု၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound)ဖြင့် ရောဂါရှာဖွေခြင်း ၁၀၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၃၀၈ ဦး၊ ကျောက်ကပ်သန့်စင်ခြင်းဆောင်ရွက်နိုင်ရန် လည်ပင်းပင်မသွေးကြောအတွင်း ပိုက်လိုင်းထည့်သွင်းခြင်း (Neck Line Insertion) တစ်ခုတို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး ဆီးချို၊ သွေးတိုးရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောမှုကိုလည်း ဆောင်ရွက်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် ကျိုင်းတုံမြို့နယ်သာမက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်မှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများ၊ “ဝ” အထူးဒေသ၊ မိုင်းလားအထူးဒေသတို့မှ ပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ ၁၆ ဦးကိုသက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

# ရောဝတီမြစ်ရေ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟသ်ာတတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

❖ **နိုင်ငံတော်အတွက် အကျိုးပြုမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန် လို၊ အရေအတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများပေါ်ထွက်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ် . . .**

❖ **မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ် . . .**

❒ **ကျောဖုံးမှအဆက်**

**ဟသ်ာတတက္ကသိုလ်**

ယင်းနောက် ဟသ်ာတတက္ကသိုလ်သို့ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ပင်မစာသင်ဆောင်သို့ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် တက္ကသိုလ်၏ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရိဝုဏ်သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများအား အောက်ခြေရှင်းအလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)**

ထို့နောက် နိုင်ငံတော်သမ္မတသည် မအူပင်မြို့သို့ရောက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ဆက်လက်၍တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေမျိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာသမိုင်းအကျဉ်း၊ ပညာသင်နှစ်အလိုက် ကျောင်းသားလက်ခံနိုင်မည့် အင်အားလျာထားချက်၊ လက်ရှိတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေးသိပ္ပံဘွဲ့တို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး နောင်တွင် ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များအထိ သင်ကြားချီးမြှင့်ပေးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်သို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ သင်ကြားရေးဆိုင်ရာနှင့် ပတ်သက်၍ တက္ကသိုလ်၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုင်ရာများ၊ တက္ကသိုလ်၏ ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ပညာသင်နှစ်အလိုက်ကျောင်းတက်ရောက်မှုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်မှ ကျောင်းသားများတက်ရောက်မှု၊ သုတေသနနယ်ပယ်အလိုက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တက္ကသိုလ်၏ အခြေခံအဆောက်အဦဆိုင်ရာ လိုအပ်ချက်များ၊ စိုက်ပျိုးရေးဘာသာရပ် လက်တွေ့စိုက်ကွင်းများနှင့် သုတေသနဆောင်ရွက်မှုများ၊ မွေးမြူရေးဘာသာရပ် သရုပ်ပြမွေးမြူရေးခြံများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်းဆောင်ရွက်မှုများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်သွားမည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က မအူပင်မြို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများနှင့်ပတ်သက်၍ မဟာဘွဲ့သင်တန်းများ သင်ကြားပေးနိုင်ရေးအတွက်စနစ်တကျစီမံဆောင်ရွက်ပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့်သင်တန်းဆင်းပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များထွက်ပေါ်လာစေရေးစနစ်တကျ သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရေအတွက်များများ သင်ကြားပေးခြင်းထက်အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများပေါ်ထွက်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တက္ကသိုလ်အတွင်း အခြေခံအဆောက်အဦလိုအပ်ချက်များနှင့်ပတ်သက်၍နှစ်အလိုက် စနစ်တကျလျာထား၍ တည်ဆောက်ရေးလုပ်ငန်းများကို နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင်အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်း ၄ သွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး ဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျပြုပြင်ပေးရမည်၊ စိုက်ပျိုးရေးနှင့် အောင်ရေများရရှိစေရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို မည်ကဲ့သို့အကျိုးရှိအောင်ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များမှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်းစနစ်များကို ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကို အဓိကမွေးမြူကြသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့ဒေသအတွင်းရှိရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့် ရေချိုဟူ၍ နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင်ရေငန်နှင့်ရေချိုငါးများကို မည်ကဲ့သို့မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက်အပါအဝင်အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကို သင်ကြားပေးရန်လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့်လက်တွေ့များကို အဓိကသင်ကြားပေးရန်လိုကြောင်း၊ နောင် အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးဘာသာရပ်သင်ကြားသည့်ကျောင်းသား၊ ကျောင်းသူများ များပြားလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

တက္ကသိုလ်အတွက် မဖြစ်မနေလိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေး ဆရာ၊ ဆရာမများအတွက် အဆောက်အဦများကို စနစ်တကျတည်ဆောက်သွားကြရန်လိုကြောင်း၊ ကျောင်းအတွက်လိုအပ်သည့် စာသင်ဆောင်များ၊ စာကြည့်တိုက်များနှင့် ခာတ်ခွဲခန်းများကို မဖြစ်မနေတည်ဆောက်သွားရန်လိုကြောင်း၊ တက္ကသိုလ်၏အင်္ဂါအသက်ဖြင့် တက္ကသိုလ်ပညာကိုသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်လိုပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးမြောက်၍ တက္ကသိုလ်ပညာလာရောက်သင်ကြားကြသူများသည် လူလားမြောက်သည့်အရွယ်များ၊ အသက်အရွယ်တူညီကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ စာသင်ဆောင်များ စနစ်တကျရှိရန်၊ အိပ်ဆောင်များစနစ်တကျရှိရန်နှင့် စားသောက်ရန်နေရာများ စနစ်တကျရှိရန် တာဝန်ရှိသူများမှ စေတနာထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားပြီးဆုံးချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်ပြီး လုပ်ငန်းခွင်သို့ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘွဲ့ရရှိသူများကို တင်စားပြောရမည်ဆိုပါက မန်နေဂျာများ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိကြသူများကို ဦးစီးအရာရှိနှင့် ဦးစီးမှူးရာထူးများကို တာဝန်ပေးအပ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတွင် မန်နေဂျာများသည် လုပ်ငန်းများ၏ အဓိကနေရာများတွင် ခေါင်းဆောင်ငယ်များအဖြစ်စတင်တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ကြားပြသပေးလျက်ရှိသည့် ဆရာ၊ ဆရာမများသည်လည်း ကောင်းမွန်သည့် အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ရသူများဖြစ်ပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ကောင်းမွန်သည့်အသိုင်းအဝိုင်းကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန်လိုကြောင်း၊ တက္ကသိုလ်မှကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့်လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက် တော်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူတိုင်းအဆင့်တစ်မဖြစ်နိုင်သော်လည်း တော်သည့်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်တွင်ကျောင်းသားနှင့် ဆရာအချိုးမှာကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် **စာမျက်နှာ ၆ သို့ ❒**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ရှင်းလင်းဆောင်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

❖ **တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန်လို၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန်လို၊ တက္ကသိုလ်မှ ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက် တော်သည့်လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလို၊ လူတိုင်း အဆင့်တစ်မဖြစ်နိုင်သော်လည်း တော်သည့်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလို၊ တက္ကသိုလ်တွင် ကျောင်းသားနှင့်ဆရာအချိုးမှာ ကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလို . . .**

❒ **စာမျက်နှာ ၅ မှအဆက်**

နှစ်ရှည်ပင်အတွက် ရေ၊ ဘာနှင့် သရက်ကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ ယခုတက္ကသိုလ်မှ မဟာတန်းဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

မအူပင်ခရိုင်နှင့်ပတ်သက်၍ မအူပင်ခရိုင်အတွက် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များကိုမွေးထုတ်ပေးရန်လိုကြောင်း၊ ခရိုင်အတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် စပါး၊ ပဲ၊ ပဲပုပ်နှင့် နေကြာစိုက်ပျိုးခြင်းများကို အထွက်နှုန်း ပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတက္ကသိုလ်နှင့်ပူးပေါင်း၍ စိုက်ပျိုးမြေများ စနစ်တကျရှိစေရေး အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေကြီးကွင်းနှင့် ရေနက်ကွင်းများကို စနစ်တကျကွင်းဆင်း သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းနေရာများတွင်ငါးကန်များနှင့်လယ်ယာမြေများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ငါးပုစွန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဘာသာရပ်များအား မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန် လိုကြောင်း၊ သစ်ပင်များခုတ်ထွင်ခြင်းကြောင့်လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့်မန်ဂျန်ရှားပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကိုခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက်ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက် မဖြစ်မနေစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်စေရေးအတွက် ရေစီးဆင်းမှုများကောင်းမွန်စေရေး မြစ်ချောင်းများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များအား ရှင်းလင်းသွားရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည့်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ပရိဝုဏ်နှင့် ကျောင်းဆောင်သစ်တည်ဆောက်နေမှုများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

**နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် ပုသိမ်တက္ကသိုလ်**

အလားတူ နိုင်ငံတော်သမ္မတသည် ဩဂုတ်လ ၈ ရက်နေ့ကလည်း နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့်ပုသိမ်တက္ကသိုလ်တို့သို့ သွားရောက်၍ တက္ကသိုလ်ပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် သန့်ရှင်းသာယာလှပမှုများဖြစ်စေရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အတွင်း အုပ်ဆိုင်းလျက်ရှိသည့် သစ်ပင်ကြီးများအား အလင်းဖွင့် ခုတ်ထွင်ရှင်းလင်းခြင်းများဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB
News

# ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ပခုက္ကူ ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် အနုပညာအသင်းဝင် ကျောင်းသား၊ ကျောင်းသူများ၏ အညာရဲ့တမာ တက္ကသိုလ်တေးသီချင်းဖျော်ဖြေမှုဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအဆင့် ဆုရရှိသူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူ ၁၂ ဦးက ကာယအလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ အမှတ်ပေးရွေးချယ်ကြပြီး ဆုရရှိသည့်အလှမယ်များကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

# စစ်ကိုင်းမြို့တွင် နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာစီမံကိန်းများတည်ဆောက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဝန်ထမ်းများအတွက် နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာစီမံကိန်းအသစ်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးရာ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မန္တလေးငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုနှင့်အရာထမ်းအမှုထမ်းများအတွက် အိမ်ရာအသစ်အဆောက်အအုံ ခုနစ်လုံး၊ စုစုပေါင်းအခန်း ၁၁၂ ခန်းကို မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)က တည်ဆောက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ငလျင်ဒဏ်ကြောင့် Modular Houses များတွင် နေထိုင်နေရသည့် ဝန်ထမ်းများအမြန်ဆုံးတိုက်ခန်းများပေါ်သို့ပြန်လည်နေထိုင်နိုင်ရန်လုပ်ငန်းများ လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားပြီး ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် နေပြည်တော်-မန္တလေးလမ်းပိုင်းရှိစကားအင်းတိုးဂိတ်တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်း မိုင်(၄/၀-၅/၀)ပေါ်တွင် အသစ်တည်ဆောက်လျက်ရှိသော ပေ ၈၀ တံတားအမှတ်(၃/၅) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတားအသစ် ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး Steel Box Girder အမျိုးအစားနှင့်ကြိုတင်အားဖြည့်ကွန်ကရစ် ရက်မတံတားအမျိုးအစားအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တံတားပြီးစီးသည်နှင့် ရန်ကုန်မှမန္တလေးသို့ အမြန်လမ်းအတိုင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်၍ လုပ်ငန်းများအချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။ **မြဝတီ**

---



ဩဂုတ်လ ၉ ရက်တွင် သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ နမ့်ပေါ့ချောင်းအတွင်း စက်ယန္တရားအသုံးပြု၍ ရေလွှဲမြောင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

▲ **ရှေ့ဖုံးမှအဆက်**

ပြိုကျပျက်စီးသွားကြောင်း သိရှိရသည်။

အဆိုပါမြေထိန်းနံရံ ပြိုကျပျက်စီးမှုကြောင့် ရေစီးလမ်းကြောင်းပြောင်းကာ ရေတိုက်စားမှုကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ဦးဆုပညာ၏ နေအိမ်ခြံဝင်းရှိ ရေချိုးခန်း၊ အိမ်သာတွဲလျက် ၁ လုံး၊ ဒေါ်ခိုင်၏ နေအိမ်ခြံစည်းရိုးအုတ်တံတိုင်း အရှည် ပေ ၆၀ ခန့် ပြိုကျပျက်စီးသွားခဲ့ရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများမှ ကာကွယ်ရန် သဲအိတ်များစီ၍ အတားအဆီးများ ပြုလုပ်ခြင်း၊ လိုအပ်သောကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးခြင်း၊ စက်ယန္တရားများအသုံးပြု၍ ရေလမ်းကြောင်းလွှဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရမှုမရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ဩဂုတ်လ ၉ ရက်တွင် သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ နမ့်ပေါ့ချောင်းအတွင်း ရေလွှဲမြောင်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ဩဂုတ်လ ၈ ရက်တွင် သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ နမ့်ပေါ့ချောင်းအတွင်း ဦးဆုပညာ နေအိမ်ခြံဝင်းအနီး မြေထိန်းနံရံ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

---

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းနှင့်အလယ်တန်းပညာရေး အတန်းနေရာချထားမှု (Placement Test) စစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျောင်းပြင်ပရောက်ကလေးများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အတန်းနေရာချထားမှုစစ်ဆေးခြင်း(Placement Test) စာမေးပွဲကို ကျင်းပဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပရောက် မူလတန်းကျောင်းသား ၆၉၃ ဦးနှင့် အလယ်တန်းကျောင်းသား ၁၆၆၂ ဦးတို့လာရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ(Placement Test) စာမေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သတ်မှတ်ထားသောစာဖြေဌာနများတွင် ကျင်းပသည်။

ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးတို့က လှည့်လည်ကြည့်ရှုအားပေး၍ စာမေးပွဲဖြေဆိုပြီးချိန်တွင် ကျောင်းသား၊ ကျောင်းသူများအတွက် အချိုရည်နှင့် စားသောက်ဖွယ်ရာများပေးဝေကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြဝတီ**



# မြဝတီမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဩဂုတ် ၉**

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်၍ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-9 ကျောင်းသူ မယမင်းသူက လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူမအိပိုပိုသဲက လူငယ်နှင့်စာပေခေါင်းစဉ်ကို ပြန်လည်ဖြည့်စွက်ဆွေးနွေးခြင်းဖြင့် လည်းကောင်း၊ Grade-9 ကျောင်းသား မောင်လမင်းဘုန်းမြတ်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -10 ကျောင်းသူ မအေမီဝင်းဖန့်အောင်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ (၄၀၆)

# စက်ဘီးစီးခြင်းက ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်



ဗြိတိန်နိုင်ငံရှိ သိပ္ပံပညာရှင်များ၏ လေ့လာသုံးသပ်ချက်အရ စက်ဘီးစီး၍ လုပ်ငန်းခွင်သို့ အသွားအပြန်ပြုလုပ်သူများသည် တခြားသောလှုပ်ရှားမှုမရှိဘဲ အသွားအပြန်ပြုလုပ်သူများထက် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ ၄၅ ရာခိုင်နှုန်းလျော့နည်းပြီး နှလုံးနှင့်နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ ၄၆ ရာခိုင်နှုန်းလျော့နည်းကြောင်း သိရသည်။ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအနေဖြင့် ဝန်ထမ်းများ၊ အလုပ်သမားများကို လုပ်ငန်းခွင်မှအိမ်သို့ အသွားအပြန်ပြုလုပ်ရာတွင် ပိုမိုတက်ကြွစွာ လှုပ်ရှားသွားလာနိုင်မည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့အပြင် ငွေကုန်စရိတ်စကလျှော့ချခြင်းဆိုင်ရာများအတွက် တွန်းအားပေးကာ ဆောင်ရွက်ပေးသင့်ကြောင်းကို သိပ္ပံပညာရှင်များက အကြံပြုပြောကြားထားကြသည်။ ထို့ကြောင့် ပြည်သူ့အကျိုးပြုရေးရှု၍ သဘာဝပတ်ဝန်းကျင်ကို အလေးထားသောနိုင်ငံများ၌ စိတ်ချလုံခြုံစွာ စက်ဘီးစီးသွားလာနိုင်သောလမ်းများကိုပါ ဦးစားပေးပြုလုပ်လာကြသည်။

စက်ဘီးပုံမှန်စီးခြင်းဖြင့် အောက်ဖော်ပြပါ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးများစွာကို မလွဲမသွေခံစားရရှိနိုင်သည်။

– ကိုယ်အလေးချိန် ၁၅၅ ပေါင်ခန့်ရှိသူသည် နေ့စဉ် နာရီဝက်ကြာမျှ ပုံမှန်အရှိန်နှုန်းထားဖြင့် စက်ဘီးစီးပါက ၂၆၀ ကယ်လိုရီလောင်ကျွမ်းနိုင်ပြီး ပုံမှန်ထက်ပို၍ အရှိန်ပြင်းပြင်းအားစိုက်နင်းပါက ကယ်လိုရီပမာဏ ပိုမိုလောင်ကျွမ်းနိုင်သည်။

– ခပ်ရှူရှူပြေးခြင်း သို့မဟုတ် သွက်သွက်လမ်းလျှောက်ခြင်း အပါအဝင် ဘောလုံးကန်ခြင်း စသော ကိုယ်လက်လှုပ်ရှားအားကစားများက မိမိခန္ဓာကိုယ်အလေးချိန်ပေါ်မူတည်ပြီး အဆစ်အမျက်များကို နာကျင်စေနိုင်သော်လည်း စက်ဘီးစီးခြင်းက အဆစ်အမျက်များကို ဖိအားလုံးဝမဖြစ်စေနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် စက်ဘီးစီးခြင်းက တင်ပါး၊ ခါး၊ ပေါင်၊ ဒူး၊ နောက်ကျော၊ ခြေချင်းဝတ်တို့ကို တွန်းအားမပေးဘဲ ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်မှုညီညွတ်မျှတစေနိုင်သည်။ ထို့ပြင် ပုံမှန်ရှိသင့်သော ကိုယ်အလေးချိန်ထက် ပေါင် ၅၀ ခန့်ပိုနေသူများအတွက် စက်ဘီးစီးလေ့ကျင့်ခန်းက အထူးသင့်တော်ကြောင်း Cleveland Clinic က အကြံပြုထားသည်။

– နေ့စဉ် စက်ဘီးကို အရှိန်ပြင်းပြင်း အားစိုက်စီးခြင်းက ခန္ဓာကိုယ်တွင်းရှိ ကောင်းသောကိုလက်စထရော (HDL) ကို မြင့်တက်စေပြီး မကောင်းသောကိုလက်စထရော (LDL) ကို လျှော့ချပေးနိုင်သည်။

– နေ့စဉ် စက်ဘီးစီးခြင်းက နှလုံးညှစ်အားကို ပိုမိုကောင်းမွန်စေ၍ နှလုံးရောဂါဖြစ်နိုင်ခြေအလားအလာကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း၊ ရက်သတ္တပတ်လျှင် မိုင် ၂၀ စက်ဘီးစီးခြင်းဖြင့် နှလုံးနှင့် နှလုံးသွေးကြောများကို ကျန်းမာစေကြောင်း အမေရိကန်ပြည်ထောင်စုရှိ Purdue University မှ အကြံပြုထားသည်။ Mayo Clinic ကလည်း စက်ဘီးစီးလေ့ကျင့်ခန်းကို မကြာခဏပြုလုပ်ပေးခြင်းက အထူးတလည်အားမစိုက်ရဘဲ နှလုံးညှစ်အားကောင်းစေသည်ဟုဆိုသည်။ ထို့ပြင် နှလုံးသွေးညှစ်နိုင်စွမ်းကို မြင့်တက်ကောင်းမွန်စေကာ သွေးကြောများပိတ်ဆို့ခြင်းမှ ကင်းဝေးစေသဖြင့် နှလုံးကို လွန်စွာကောင်းကျိုးပြုကြောင်း ထပ်လောင်းအတည်ပြုထားသည်။

– စက်ဘီးစီးလေ့ကျင့်ခန်းက သွေးပေါင်တက်နေသူများအား သွေးပေါင်ကျစေပြီး သွေးတွင်းသကြားဓာတ်ပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်သည်။

– Stanford University ၏ သုတေသနပြုချက်အရ ကိုယ်လက်လှုပ်ရှားမှုနည်း၍ အိပ်မပျော်သူများသည် တစ်ရက်လျှင် မိနစ် ၂၀ မှ ၃၀ အထိ စက်ဘီးစီးခြင်းဖြင့် ဟော်မုန်းညီညွတ်မျှတသွားကာ အိပ်ချိန်ပိုလာနိုင်ကြောင်း လေ့လာသိရှိရသည်။

– နံနက်စောစော သို့မဟုတ် ညနေခင်း အညောင်းအညာပြေ စက်ဘီးစီးခြင်းက ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ရာရောက်သည်။ ထို့ပြင် သွေး၊ လေ လည်ပတ်မှုကောင်းကာ ခန္ဓာကိုယ်၏ဆဲလ်များသို့ အောက်ဆီဂျင်ရောက်ရှိသဖြင့် ကော်လာဂျင်ဓာတ်ကို ကောင်းစွာတည်ဆောက်နိုင်ပြီး အဆိပ်အတောက်များ ပြေစေ၍ အရွယ်တင်နုပျိုစေသည်။

– စက်ဘီးစီးခြင်းက အေရိုးဗစ်ကစားသကဲ့သို့ အူမကြီးကို ကောင်းစွာလှုပ်ရှားစေသည့်အပြင် အူသိမ်အတွင်းကြွက်သားများ ညှစ်အားကောင်းလာပြီး ဝမ်းမှန်စေကြောင်း၊ အူကင်ဆာဖြစ်ခြင်းမှလည်း ကာကွယ်နိုင်ကြောင်း Bristol University မှ ကျန်းမာရေးသုတေသီများကဆိုသည်။

– စက်ဘီးပုံမှန်စီးခြင်းက ဦးနှောက်အတွင်း hippocampus အစိတ်အပိုင်းရှိ ဆဲလ်သစ်များတည်ဆောက်ခြင်းကို အားပေးသည့်အပြင် သွေးနှင့် အောက်ဆီဂျင်တိုးမြှင့်လှည့်လည်နိုင်၍ ဦးနှောက်စွမ်းအားကောင်းစေကြောင်း၊ Alzheimer (ခေါ်) ဦးနှောက်ဇရာကြိုရောဂါဖြစ်သူများလည်း စက်ဘီးစီးလေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ the University of Illinois မှ ကျန်းမာရေးသုတေသီများက အကြံပြုထားကြသည်။

– ရက်သတ္တပတ်တွင် ငါးရက်နှုန်းဖြင့် တစ်ရက်လျှင် မိနစ် ၃၀ စက်ဘီးစီးခြင်းက ကိုယ်ခံအားကောင်းစေသောဆဲလ်များကို လှုံ့ဆော်ပေးကာ ကျန်းမာကြံ့ခိုင်စေသဖြင့် ပန်းသီးစားသကဲ့သို့ အာနိသင်ဖြစ်စေကြောင်းနှင့် အပေါ့စားရာသီဖျားနာဖြစ်ခြင်းမှလည်း ကြိုတင်ကာကွယ်ရာရောက်ကြောင်း the University of North Carolina မှ သုတေသီများက အကြံပြုထားကြသည်။

– ကိုယ်ဝန်ဆောင်အမျိုးသမီးများ စက်ဘီးစီးလေ့ကျင့်ခန်းကို ခပ်ဖြည်းဖြည်း မှန်မှန်ပြုလုပ်ပေးခြင်းက မီးဖွားရလွယ်ကူစေသည့်အပြင် ကလေးမွေးဖွားပြီးနောက် အဝလွန်ခြင်းမှလည်း ၅၀ ရာခိုင်နှုန်းခန့် ကြိုတင်ကာကွယ်ရာရောက်ကြောင်းနှင့် အသက်ကြီးရင့်ပြီးနောက် သွေးဆုံးခြင်းကိုလည်း နှောင့်နှေးစေကြောင်း အမေရိကန်ရှိ Michigan University က ဆိုသည်။ ထိုအဆိုကို the Royal College of Obstetricians and Gynaecologists ဟုအမည်ရသော အဝလွန်ရောဂါဆိုင်ရာ ကောလိပ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း အတည်ပြုထောက်ခံထားသည်။

– နေ့စဉ်မှန်မှန် မိနစ် ၃၀ စက်ဘီးစီးလေ့ရှိသော အမျိုးသမီးများကို အချိန်ကာလအတန်ကြာ လေ့လာစောင့်ကြည့်ခဲ့ရာ ရင်သားကင်ဆာဖြစ်နိုင်ခြေအလားအလာ ၃၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

– စက်ဘီးစီးခြင်းသည် လူတိုင်းပြုလုပ်သင့်သော အားကစားနည်းဖြစ်သည်။ အထူးသဖြင့် အဝလွန်သူများအတွက် အထူးသင့်တော်သည်။ ပုံမှန်စက်ဘီးစီးခြင်းက ခါးအောက်ပိုင်းမှစ၍ အဆီကျအသားကျစ်လျစ်စေသဖြင့် GYM ကစားခြင်း၊ weight ချခြင်းနည်းစနစ်များတွင် စက်ဘီးစီးလေ့ကျင့်ခန်းကို မဖြစ်မနေထည့်သွင်းကစားပေးရခြင်းဖြစ်သည်။

– စက်ဘီးပေါ်တွင် ခါးကိုမတ်မတ်ထိုင်စီးခြင်းက skeleton နှင့် နဗ်ကြောများကို ကောင်းစွာအလုပ်လုပ်စေသဖြင့် ခါးနာဝေဒနာကို အထောက်အကူပြုပေးနိုင်သကဲ့သို့ စက်ဘီးစီးခြင်းက ပေါင်အောက်ပိုင်းရှိ အရိုးဆက်များ၊ အကြောများကို မှန်မှန်အလုပ်လုပ်ပေးရသဖြင့် ဒူးနာသက်သာစေသည်။

– စိတ်ကျရောဂါဖြစ်သူများ၊ စိတ်သောကရောက်သူများ၊ စိတ်ဖိစီးမှုများသူများနှင့် စိတ်ပင်ပန်းနွမ်းနယ်သူများ စက်ဘီးမကြာခဏစီးပါ။ တစ်ခဏအတွင်းမှာပင် စိတ်ပေါ့ပါးလန်းဆန်းစေနိုင်သည်။

– လန်ဒန်ရှိ King’s College က ပညာရှင်များသည် လုံးဝဥသုံတူညီသည့်အမြွှာအုပ်စုတွဲများတွင် မည်သူကပို၍ ကျန်းမာကြံ့ခိုင်ကြောင်းသိရှိရန် အမြွှာပေါင်း ၂၄၀၀ ကျော်အား သုတေသနပြုခဲ့ရာ ရက်သတ္တပတ်လျှင် သုံးရက်နှုန်းဖြင့် တစ်ရက်လျှင် ၄၅ မိနစ်ခန့် စက်ဘီးစီးသူက ဇီဝကမ္မဖြစ်စဉ် ပိုမိုအားကောင်းကာ ကိုးနှစ်ခန့် အသက်ပိုရှည်ကြောင်း တွေ့ရှိခဲ့သည်။

– မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် စုပေါင်း၍ စက်ဘီးစီးခြင်းက အပြန်အလှန်ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည်။ ယနေ့ခေတ်တွင် အွန်လိုင်းပေါ်၌သာ အချိန်ကုန်နေသောကလေးများနှင့် ဆယ်ကျော်သက်လူငယ်များအား မိသားစုနှင့်အတူ နေ့စဉ်မှန်မှန်စက်ဘီးစီးသော အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ပေးသင့်သည်။

အချုပ်ဆိုသော် စက်ဘီးစီးခြင်းက ဘက်စုံကျန်းမာရေးအတွက် အထောက်အကူပြုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ကိုပါ ကောင်းကျိုးရှိစေသည်။ သို့ရာတွင် စက်ဘီးစီးရာ၌ ဘေးအန္တရာယ်ကင်းရှင်းမှုကိုလည်း သတိပြုကြရမည်ဖြစ်သည်။ စက်ဘီးသည် မော်တော်ယာဉ်များထက် ဘေးအန္တရာယ်နည်းသော်လည်း ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးမထားပါက မမျှော်မှန်းနိုင်သော ပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ စက်ဘီးပေါ်သို့မတက်မီ စက်ဘီးစီးဦးထုပ်ဆောင်းခြင်း၊ တခြားအကာအကွယ် အဝတ်အစားများဝတ်ဆင်ခြင်း၊ ဟွန်း သို့မဟုတ် ခေါင်းလောင်း၊ နောက်ကြည့်မှန်နှင့် ရှေ့မီး စသည့်ကိရိယာများ ကောင်းမွန်သောအခြေအနေတွင် ရှိ၊ မရှိစစ်ဆေးခြင်း၊ တာယာများ ပုံမှန်အနေအထားရှိ၊ မရှိစစ်ဆေးခြင်းတို့သည် အန္တရာယ်ကင်းစွာစီးနင်းနိုင်ရေးအတွက် အရေးကြီးသည့် ကြိုတင်ပြင်ဆင်မှုများဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပေါက်ပေါက်

## မြစ်သားမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ဧက ၇၀၀ ကျော် လျာထားစိုက်ပျိုး



မြစ်သား ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ဧက ၇၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံစေရေး နှမ်း၊ မြေပဲ၊ နေကြာ စသည့်ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဇူလိုင်လပထမပတ်မှစတင်၍ နေကြာတစ်မျိုးတည်း သီးသန့် တန်းခြား ၂ ပေ၊ ပင်ကြား ၉ လက်မဖြင့် စိုက်ပျိုးလျက်ရှိသည်။

ဆီထွက်သီးနှံနေကြာ အထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးကူညီပေးလျက်ရှိသည်။ နေကြာစိုက်ပျိုးခြင်းကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ တခြားသီးနှံများနှင့် ရောနှောကာ သီးညှပ်လည်းစိုက်ပျိုးကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# မြို့သစ်မြို့နယ်၌ ဆေးလိပ် ဆေးရွက်ကြီးအန္တရာယ်နှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော




**မြို့သစ် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်နှင့် Healthy Life Style အကြောင်း သိကောင်းစရာ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်မျိုးဇော်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ချိန်တွင်မူးယစ်ဆေးဝါးစတင်မသုံးစွဲမိစေရန်အတွက် မူးယစ်ဆေးသုံးစွဲခြင်း၏အစဖြစ်သည့် ဆေးလိပ်၊ ဆေးရွက်ကြီး၏ဆိုးကျိုးများအကြောင်း၊ Vape အန္တရာယ်၊ အရက်အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့်နေ့စဉ်လူမှုဘဝတွင် ကျန်းမာပျော်ရွှင်သော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန်အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုဟောပြောဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## ဘုတလင်မြို့နယ်၌ ပဲစင်းငုံ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ဘုတလင် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၃၄၅၀၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၂၆၀၄၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့်လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

**သစ်တောသစ်ပင် တို့ချစ်ခင် အစဉ်ထာဝရ ထိန်းသိမ်းကြ**




## (၂၇)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲကျင်းပ

**အိမ်မဲ ဩဂုတ် ၉**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အဆို၊ အက၊ အရေး၊ အတီးပညာများကို လူငယ်မျိုးဆက်များ ဆက်လက်လေ့လာတတ်မြောက်စေရန် ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးတန်ဖိုးထားစိတ်တိုးပွားလာစေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းပညာ့ဗိမာန်ခန်းမ၌ (၂၇)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကိုဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၌ အဆင့်မြင့်ပညာနှင့် ဝါသနာရှင် (ဒုတိယတန်း)အဆင့်တို့တွင် အဆိုဘာသာရပ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များက "နှလုံးသားအလှဆင်"သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရာ အကအဆင့် (ဒုတိယတန်း)ဝါသနာရှင်မှ ရုပ်သေးအက၊ အခြေခံပညာအဆင့် (၁၀– ၁၅)အဆိုဘာသာရပ်၊ (၁၅– ၂၀) တပင်တိုင်အက၊ (၁၀ – ၁၅) ပတ္တလားတီးပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ (၁၅ – ၂၀) တယောတီးပြိုင်ပွဲ၊ (၁၀– ၁၅) တပင်တိုင်အကပြိုင်ပွဲ၊ (၁၅– ၂၀) တယောတီးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် တပင်တိုင်အကပြိုင်ပွဲ၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အဆိုပြိုင်ပွဲ၊ (၁၀– ၁၅) တယောတီးပြိုင်ပွဲ၊ ကဗျာလွတ်အကပြိုင်ပွဲ၊ (၁၀ – ၁၅) မယ်ဒလင်တီးပြိုင်ပွဲ၊ ပလွေမှုတ်ပြိုင်ပွဲ၊ (၁၅ – ၂၀)ပလွေမှုတ်ပြိုင်ပွဲ၊ (၁၀– ၁၅) ကျေးလက်ယိမ်းအကပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အဆိုပြိုင်ပွဲများကို ကျင်းပသည်။

ထို့နောက် ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မူယာစိုး၊ အိမ်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်သည်။

အဆိုပါပြိုင်ပွဲများတွင်ဆုရရှိသူများသည် ခရိုင်အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## အနာဂတ်လမ်းနှင့် မျိုးဆက်လူငယ်

❖ "လူငယ်"ဆိုတာ အနာဂတ်ရဲ့
ကမ္ပည်းမြတ် စိုက်ကာထူ။
စွမ်းကိုယ်စီ လွှင့်ထူမိုးလို့
ရေးထိုးမယ့်သူ။
အတွေးအမြင်သစ် တလူလူ
အတုယူကာ ကြံဆတတ်။
စူးစမ်းဖွေ ဉာဏ်ရည်လက်လို့
ထက်မြက် ဖျတ်လတ်။

❖ "လူငယ်" ဆိုတာ အနာဂတ်ရဲ့
သမိုင်းမြတ် ဆက်ခံယူ။
စွမ်းကိုယ်စီ ရဲမာန်လှစ်လို့
ထုဆစ်မယ့်သူ။
ဖူးပွင့်သစ် ပန်းနှယ်တူ
ပျံ့ထုံကြူ အလှများ။
အားသစ်မြိုင် ရဲရင့်စိတ်နဲ့
လျှမ်းဖိတ် ဝင့်ကြွား။

❖ "ယနေ့လူငယ် နောင်ဝယ်လူကြီး"
ကိုယ့်ခရီးနဲ့ ကိုယ့်လမ်းထွင်။
နိုးကြားညီ အားမာန်နှိုးလို့
ပြည်ကျိုး မြော်မြင်။
ပခုံးပြောင်း တွဲလက်ယှဉ်
အောင်ပွဲဆင် ရေးဆစ်ပိုင်း။
ကောင်းမွေခံ စံတင်ပျိုးပါလိမ့်
မျိုးဆက်သမိုင်း။

❖ ရင်းမြစ်မှန် မျိုးဆက်သွေးတို့
အနာဂတ်ရေး ပြည့်မဏ္ဍိုင်။
"ဗလငါးတန်" ဂုဏ်ရည်များနဲ့
နိုးကြားတူပြိုင်။
ရှေ့ဆက်ရမယ့် ပြည့်ပန်းတိုင်
လှမ်းတက်မြိုင် အရောက်ချီဖို့။
မျိုးဆက်ညီညာ တိုးတက်ရည်ကာ
ဖြိုးလက်စည်ဖြာ အနာဂတ်လမ်းတွက်
"စိတ်ဓာတ်" ညီ "စည်းကမ်း" ပြည့်စွာနဲ့
ဖြည့်စွမ်းကာ ပြည့်ဝန်ထမ်းနိုင်ဖို့
ထူးချွန်စွာ မြင့်တင်လှမ်း
(မောင်မယ်တို့ရေ… )
ကြိုးပမ်းပါစို့ ….။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်၊ အသားတိုးကြက်နှင့်အသားတိုးဝက်များ မွေးမြူထားရှိပြီး လျှိုပိတ်တမံတွင် ငါးများမွေးမြူထားရှိ

**နေပြည်တော် ဩဂုတ် ၉**

ချောင်းမကြီးဆည်အနီး မြေ ၂၂ ဧကပေါ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်၊ အသားတိုးကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိပြီး လျှိုပိတ်တမံတွင် ငါးများမွေးမြူထားကြောင်း သိရသည်။



အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဥတ္တရသီရိဆည်သို့ရောက်ရှိပြီး ဇူလိုင်လ စတုတ္ထပတ်မှစတင်ကာ တမံလျှောင်ရေပြည့်မှတ်သို့ ရောက်ရှိပြီး ရေပိုလွှဲမှ ၆ လက်မခန့် ရေကျော်စီးဆင်းလျက်ရှိနေမှုအခြေအနေများကို ကြည့်ရှု၍ မြို့တော်ဝန်က တမံပြုပြင်ထားရှိသောဆည်ဖြစ်သည့်အတွက် တမံမြေသားအခြေအနေကို အမြဲမပြတ်စစ်ဆေးနေရန်၊ ရေပိုလွှဲလမ်းကြောင်း ရေစီးရေလာကောင်းမွန်စေရေး သက်ဆိုင်ရာဌာနများကဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ချောင်းမကြီးဆည်သို့ ရောက်ရှိစစ်ဆေးပြီး နေပြည်တော် မြို့ပြရေပေးဝေရေးအတွက် ယခုလက်ရှိအခြေအနေတွင် ချောင်းမကြီးဆည်သည် အဓိကနေရာတွင်ရှိသည့်အတွက် ဆည်ကြံ့ခိုင်ရေးကို စစ်ဆေးမှုပုံစံများအတိုင်း စနစ်တကျစစ်ဆေးရန်၊ ရေပြည့်မှတ်ရောက်ရှိရန် အမြင့်ပေလိုအပ်နေသေးသော်လည်း ရေပိုလွှဲနှင့် ရေလမ်းကြောင်းများ ရှင်းလင်းထားရန်၊ သောက်သုံးရေပေးဝေနေသော ဆည်ဖြစ်သည့်အတွက် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY | 2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | |
|---|---|
| ပထမပတ် | – မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြို ပဲခူးမြို့၌ မီနီမာရသွန်ပြိုင်ပွဲကျင်းပ




**ပဲခူး ဩဂုတ် ၉**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ ကျင်းပခဲ့ပြီး အကြီးတန်းမီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၉၀၊ အငယ်တန်းမီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၃၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အကြီးတန်း မီနီမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးလူငယ်စင်တာခန်းမရှေ့မှ ရန်ကုန်-မန္တလေးလမ်း ဆည်မြောင်းလမ်းဆုံအထိ ၅ ဒသမ ၅ မိုင်နှင့် အငယ်တန်းမီနီမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးလူငယ်စင်တာရှေ့မှ ရန်ကုန်-မန္တလေးကားလမ်း မဟာမြိုင်လမ်းဆုံအထိ ၄ မိုင် သတ်မှတ်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ကြိုဆိုအားပေးကြပြီး အားဖြည့်အချိုရည်နှင့်မုန့်များဝေငှပေးကြသည်။

ဆက်လက်၍ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပန်းဝင်လာသူတိုင်းကို သီးခြားချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်အထိ ရေကင်း ၁၂ ခုချထား

**မုံရွာ ဩဂုတ် ၉**

ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်အထိ ရေကင်း ၁၂ ခုချထားပြီး ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန် သတ်မှတ်နေရာအလိုက် စောင့်ကြည့်မှုကို ဌာနဆိုင်ရာဝန်ထမ်း၊ ရပ်ကွက်နေပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ရေကင်းများချထားဆောင်ရွက်နေမှု၊ ရေထိန်းတာပေါင်များကြံ့ခိုင်မှု၊ ရေထိန်းတံခါးများကြံ့ခိုင်မှုတို့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချင်းတွင်းမြစ်ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာပြည်သူများကို ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမ၌ သွားရောက်ထောက်ပံ့ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၃၂၄၂၅၀၀၀ နှင့် တိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်ခဲ့သည်။

ထို့ပြင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေထိန်းတမံများ ကြံ့ခိုင်မှု၊ ရေပိုလွှဲနှင့် အကူရေပိုလွှဲကြံ့ခိုင်မှုတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပေါ်ဆန်းမွှေးနှင့်ဘာစမာတီစပါးများ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ စမ်းသပ်စိုက်ပျိုး

**မိုင်းဆတ် ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်တုံကျေးရွာအုပ်စုရှိ မိုင်းတွမ်းတောင်ပေါ်နှင့် မြေပြန့်ဒေသတို့၌ ၂၀၂၆ ခုနှစ် ပေါ်ဆန်းမွှေးစပါးဧက ၆၀ စမ်းသပ်စိုက်ပျိုးထားပြီး ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့ ကွင်းသရုပ်ပြသနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးတက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများထံ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက လွိုင်လင်ခရိုင် မိုင်းပွန်ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(၄/၁၅၃) တွင် မိုင်းပွန်တံတားပေ ၂၂၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် မိုင်းပန်မြို့နယ် အရှေ့ကျေးရွာအုပ်စုတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်ဈေးကွက်ဝင် ၂၀၂၆ ခုနှစ် စမ်းသပ်စိုက်ပျိုးသည့် ပေါ်ဆန်းမွှေးနှင့် ဘာစမာတီစပါးစိုက်ပျိုးထားရှိမှုကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ တောင်သူများထံ ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ကာ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့ နောင်ပိုင်ရပ်ကွက်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် Clean&Green ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် နောင်ပါရင်(၈)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်




မိုးကုတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တွင် ဩဂုတ်လ ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ်လ ၅ ရက်မှစတင်ကာ မြေသားအိကျ၍ မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ မြေပြိုကျမှုများကြောင့် မိုးကုတ်မြို့နယ်ရှိ ကျပ်ပြင်ရပ်ကွက်၏ အနောက်ဘက်ပန်းမရပ်၊ ရွှံ့ပန်းရပ်ကွက်၊ ကျောက်ဆင်ကျေးရွာနှင့် ဘော်မားကျေးရွာများ၌ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ အုတ်တံတိုင်းများပြိုကျပျက်စီးခြင်း၊ ကတ္တရာလမ်းများနိမ့်ဝင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းများယာယီပိတ်ထားခဲ့ရသည်။




မိုးကုတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





မိုးကုတ်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မိုးကုတ်မြို့နယ်၊ ကျောက်ဆင်ကျေးရွာနှင့်ဘော်မားကျေးရွာသွား ကတ္တရာလမ်း၌ မြေကျွံပျက်စီးမှုကိုတွေ့ရစဉ်။



ကင်းရွာနှင့်ရွှံ့တောရွာကြားရှိ သစ်သားတံတား ရေနောက်မျောပါပျက်စီးမှုကိုတွေ့ရစဉ်။



မိုးကုတ်မြို့၊ ဖောင်တော်ဦးကျောင်းတိုက်အနီးရှိ တောင်မြေကျွံမှုကြောင့် ဘုရားရင်ပြင်၊ စောင်းတန်းနှင့်မြေထိန်းနံရံ(အင်္ဂတေကျောက်စီ) ကွဲအက်နေမှုကိုတွေ့ရစဉ်။

အဆိုပါနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြည်သူများဘေးအန္တရာယ်မဖြစ်စေရန် လိုအပ်သောကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုကျမှုကြောင့် ကားလမ်းများပိတ်နေသည့်အတွက် Loader ယာဉ်များဖြင့် မော်တော်ယာဉ်များ ယာယီဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီးရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့်ရေလှောင်ပမာဏထက် ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိကျေးရွာများနှင့် ဒေသအခေါ် တံငါတံတား (ကျောက်စရစ်ကုန်းတံတား)အား ထိခိုက်မှုမရှိစေရေး ဩဂုတ်လ ၇ ရက်တွင် ပိုလျှံရေများကို အကျယ် ၄၀ ပေ၊ အမြင့် ၃၅ ပေရှိ ရေပိုလွှဲတံခါးကြီး ၇ ခုမှ တံခါးတစ်ခုလျှင် ပျှမ်းမျှ ၂ ပေခန့်ဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မတ္တရာမြို့နယ်၊ စာမျက်နှာ ၁၃ သို့

➧ စာမျက်နှာ ၁၂ မှအဆက်

တံငါတောင်ကျေးရွာအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွား ကားလမ်းမပေါ် ရေကျော်စီးဆင်းမှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကျော်စီးဆင်းမှုများကြောင့် မတ္တရာမြို့နယ်၊ အထက်တောင်ကိုင်းကျေးရွာအတွင်းရှိ ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ဝေငှပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာတွင် ရေဘေးသင့်ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



မတ္တရာမြို့နယ်အတွင်း ဆည်တော်ကြီးရေလှောင်တမံမှ ပိုလျှံရေထုတ်လွှတ်မှုကြောင့် ဘောင်ကြီးတံတားအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွားကားလမ်းပေါ်တွင် ရေကျော်စီးဆင်းနေမှုကိုတွေ့ရစဉ်။





မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာတွင် ရေများဝင်ရောက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများပေးအပ်စဉ်။

◆◆ ကျောဖုံးမှအဆက်

ကန့်ဘလူမြို့နယ်၊ ကာဘိုးကျေးရွာရှိ မြင့်တင်ဘုန်းတော်ကြီးကျောင်းတိုက်သို့ လည်းကောင်း၊ မင်းကင်းမြို့နယ်၊ သရက်တောရပ်ကွက်ရှိ ဒေသခံပြည်သူများအား မင်းကင်းမြို့၊ မြို့မရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မင်းကင်းမြို့နယ်၊ ကျေးတောင်ဦးကျေးရွာနှင့်ရေပုတ်ချောင်းကျေးရွာရှိဒေသခံပြည်သူများအား ကျေးတောင်ဦးကျေးရွာ၊ ရွှေဇဝါထွန်းဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း ယာယီရွှေ့ပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်း သိရှိရပါသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သက္ကယ်ကျင်း- ဖောင်းပြင်-ဟုမ္မလင်း- ခန္တီး လမ်းပိုင်းရှိ တံတားအမှတ် ၁/၂၃၀ သံကူကွန်ကရစ်တံတား၏ ဘယ်ဘက်ခြမ်းမြေထိန်းနံရံရေတိုက်စားသွားကာ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် လမ်းပေါ်ရေကျော်လျက်ရှိပြီး ယာဉ်ကြီးများသာ သွားလာနိုင်ကြောင်း သိရှိရသည်။

၎င်းအပြင် ရွှေဘိုခရိုင်အတွင်း ကျေးရွာအုပ်စု (၃၃)စုမှ လယ်ယာစိုက်ခင်းများနှင့် ကျွန်းလှမြို့နယ်၊ မန်ကျည်းအင်းကျေးရွာအုပ်စု၊ လယ်လှကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာများရှိ လယ်ယာစိုက်ခင်းများအား ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကျွန်းလှမြို့နယ်၊ ရှမ်းစုကျေးရွာ၊ မန်ကျည်းအင်းကျေးရွာနှင့် လယ်လှကျေးရွာများရှိ မိုးစပါးစိုက်ခင်းများ ရေလွှမ်းနေမှုကို တွေ့ရစဉ်။



သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းတွင် ကားလမ်းရေကျော်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်ဆောင်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စုပေါင်းအားဖြင့်ရင်ဆိုင်ကျော်လွှား ခိုင်မာသည့်မြန်မာ့စွမ်းအား

ပြည်စိုးညိမ်း

မိမိတို့နိုင်ငံဟာ ပထဝီဝင်အနေအထားအရ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားနိုင်ခြေ အလွန်များပြားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေပါတယ်။ ကမ်းရိုးတန်းဒေသများ၊ တောင်ကုန်း တောင်တန်းနဲ့ ကုန်းပြင်မြင့်များ၊ မြစ်ကြီးနဲ့ မြစ်ဝှမ်းဒေသများအပြင် မြေမျက်နှာပြင် ပြတ်ရွေ့များရှိနေခြင်းကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းနဲ့ မြေငလျင်လှုပ်ခတ်ခြင်း



စတဲ့ သဘာဝဘေးအန္တရာယ်များကို မကြာခဏဆိုသလို ကြုံတွေ့ရတတ်ပါတယ်။ ဒ့ါအပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်တွေဟာ ယခင်ကထက် မကြုံစဖူးဖြစ်ပေါ်လာခြင်း၊ ပိုမိုပြင်းထန်လာခြင်းနဲ့ အကြိမ်ရေပိုမိုများပြားလာခြင်းတို့ကိုပါ ဆက်လက်ရင်ဆိုင်နေရပါတယ်။

နှစ်စဉ်နှစ်တိုင်းလိုလို ကြုံတွေ့နေရတဲ့ အဆိုပါသဘာဝဘေးအန္တရာယ်တွေဟာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကြီးမားစွာထိခိုက်စေနိုင်တဲ့ အန္တရာယ်တွေဖြစ်တာကြောင့် အထူးသတိပြုကြရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဖြစ်ပေါ်ခဲ့တဲ့ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနဲ့ မန္တလေးငလျင်ကြီးတို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဘီလီယံပေါင်းများစွာသော ငွေကြေးဆုံးရှုံးမှုကြီးများ ဖြစ်ပေါ်ခဲ့ရပါသေးတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဆိုတာ တစ်ခါတစ်ရံမှဖြစ်တတ်တဲ့ကိစ္စမဟုတ်ဘဲ နှစ်စဉ်ကြုံတွေ့နေရမယ့် ဖြစ်စဉ်တစ်ခုအနေနဲ့ ကြိုတင်မျှော်မှန်းကာ ဒေသအလိုက် ကြံ့ကြံ့ခံရင်ဆိုင်နိုင်အောင် ပြင်ဆင်ကာကွယ်မှုများကို အမြဲမပြတ် လုပ်ဆောင်ထားကြရမှာဖြစ်ပါတယ်။

ဩဂုတ်လ ၈ ရက်နေ့က ပုသိမ်မြို့ မြို့တော်ခန်းမမှာကျင်းပပြုလုပ်တဲ့ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲမှာ နိုင်ငံတော်သမ္မတကြီးက **"မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသောအကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက် လျော့နည်းစေရေး နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှကြံ့ကြံ့ခံနိုင်ရမည်ဟူသည့်အနေအထားအထိရောက်အောင် မိမိတို့အားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ကြိုတင်မြော်တွေးလမ်းညွှန်မှုအတိုင်းပါပဲ။ နောင်လာမယ့်ဘေးအန္တရာယ်တွေအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းတွေနဲ့အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။ သဘာဝဘေးဆိုတာ မဖြစ်အောင် လုံးဝတားဆီးလို့မရနိုင်ပေမယ့် လူ့အဖွဲ့အစည်းနဲ့ အသိုက်အဝန်းတွေ မပျက်စီးဘဲ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်အတွက် ခိုင်ခိုင်မာမာ ကြိုတင်ပြင်ဆင်တည်ဆောက်ထားကြရမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုတွေမှာ သဘာဝဘေးအန္တရာယ်များကြောင့် "သမင်မွေးရင်း၊ ကျားစားရင်း" ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် အမြဲတမ်းထည့်သွင်းတွက်ချက်ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးမှုများကို ရှောင်လွှဲကြရမှာဖြစ်ပါတယ်။

## ရေကြီးရေလျှံမှုနှင့် ဝန်မြစ်တာတမံ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများ

လက်ရှိကာလမှာလည်း နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားမှာ မိုးရွာသွန်းမှုများပြားလျက်ရှိပြီး မြစ်ချောင်းတွေ ရေကြီးရေလျှံတာနဲ့ မြို့ရွာဒေသအချို့မှာ ရေဝင်ရောက်တာတွေဖြစ်ပွားနေပါတယ်။ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှာဆိုရင် မိုးသည်းထန်စွာရွာသွန်းမှုကနေ ဝန်မြစ်ရေကာတာရဲ့ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေအပြင် ဟင်္သာတ၊ ရေကြည်နဲ့ ကျုံပျော်မြို့နယ်တို့အတွင်းရှိ ကျေးရွာတွေပါ ရေဝင်ရောက်မှုနဲ့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရပါတယ်။

ဒီအခြေအနေအပေါ်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများနဲ့ စေတနာလုပ်အားရှင်များစုပေါင်းပြီး အင်တိုက်အားတိုက် တုံ့ပြန်ဆောင်ရွက်ခဲ့ကြပါတယ်။ တာတမံကြံ့ခိုင်ရေးအတွက် တုတ်တန်းရိုက်ခြင်း၊ ဝါးထရံကာခြင်း၊ Geobag ချခြင်းနဲ့ ကရိန်းရေယာဉ်များဖြင့် ရေဝင်လမ်းအထက်မှာ သဲအိတ်ချခြင်း၊ သံခွံ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်းတို့ကို အားကြိုးမာန်တက်လုပ်ဆောင်ခဲ့ကြပါတယ်။ လာမယ့်ရက်များမှာလည်း သစ်သားနဲ့ သံကိုယ်ထည်စက်လှေတွေကို သဲဖြည့်ရေမြှုပ်ကာ ရေစီးကြောင်းတားဆီးခြင်းနဲ့ အဆိုပါစက်လှေများပေါ် သဲအိတ်ကြီးများ ထပ်မံဖြည့်ချခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြစ်ရေကျချိန်မှာတော့ ပန်းတာကို မိုးတွင်းကာလတစ်လျှောက် ထိန်းသိမ်းနိုင်ရေးအတွက် စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်မှာ အခိုင်အမာမြေဖို့ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုခိုင်ခံ့စေဖို့အတွက် ပန်းတာရဲ့ ရေကျော်ဝင်ရောက်နေတဲ့နေရာမှာ ၁၂ မီတာအရှည်ရှိတဲ့ Steel Sheet Pile များကို အလျားပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်တဲ့ လုပ်ငန်းများကိုပါ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

## စေတနာရှင်များ၏ အလှူငွေပေးအပ်ပွဲနှင့် ပြည်သူတို့၏စုပေါင်းစွမ်းအား

မြန်မာလူမျိုးတွေရဲ့ နှလုံးသားထဲမှာတော့ လှူလျှင်မလျော့၊ မှုလျှင်မကုန်ဘူးဆိုတဲ့စိတ်ဓာတ်က အမြဲတမ်းရှင်သန်နေတတ်ကြပြီး မိမိတို့မှာ အနည်းငယ်သာရှိစေကာမူ လိုအပ်နေသူတွေကို မျှဝေပေးဖို့ ဝန်မလေးကြပါဘူး။ ဒါဟာ မြန်မာတို့ရဲ့ ချီးကျူးစရာဓလေ့တစ်ခုပဲဖြစ်ပါတယ်။

ပုသိမ်မြို့ မြို့တော်ခန်းမမှာ ဩဂုတ်လ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ရေဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲမှာ စေတနာရှင်ပြည်သူတွေနဲ့ အသင်းအဖွဲ့အသီးသီးက ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော် ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။ ခက်ခဲတဲ့အခြေအနေတစ်ရပ်မှာ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တစ်သွေးတည်း တစ်သားတည်း မျှဝေခံစား ကူညီပံ့ပိုးပေးကြတဲ့ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ကျူးပြသနေတယ်လို့ဆိုရမှာပါ။



သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာရတဲ့အခါတိုင်း မြန်မာပြည်အနှံ့က ပြည်သူတွေအနေနဲ့ ဘေးသင့်သူတွေကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်းကူညီကြတာကို မြင်တွေ့ရတဲ့အတွက် ပေးကမ်းခြင်းဆိုတာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေတယ်ဆိုတာကို ထင်ရှားစေပါတယ်။

## အယ်လ်နီညိုဖြစ်စဉ်နှင့် အစွန်းရောက်ရာသီဥတုအန္တရာယ် ကြိုတင်သတိပြုရန်လို

မြန်မာနိုင်ငံဟာ မြစ်ချောင်းများပြားပြီး တောင်ကုန်းများလည်း ထူထပ်တဲ့အတွက် မိုးရာသီရောက်လာပြီဆိုရင် မိုးနဲ့ပတ်သက်တဲ့ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်နီးပါး ကြုံတွေ့ရလေ့ရှိပါတယ်။ ပြည်သူများအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ မိုးလေဝသသတင်းများနဲ့ ကြိုတင်သတိပေးချက်များကို အမြဲမပြတ် ထုတ်ပြန်ပေးလျက်ရှိနေပါတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ နေ့စဉ်လူမှုစီးပွားဘဝ လုပ်ဆောင်နေခြင်းနဲ့အတူ မိုးလေဝသနဲ့ပတ်သက်သည့်သတင်းတွေကို အမြဲတမ်းနားစွင့်နေကြဖို့ အလွန်ပဲအရေးကြီးလှပါတယ်။

မိုးလေဝသ သတင်းထုတ်ပြန်ချက်များအရ အယ်လ်နီညိုဖြစ်စဉ်များနဲ့ မိုးရာသီကုန်ဆုံးတဲ့အခါ အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကြောင့် အအေးလွန်ကဲခြင်း သို့မဟုတ် အပူလွန်ကဲခြင်းများကိုလည်း အထူးသတိပြုကြိုတင်ဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဟာ ၂၀၂၆ ခုနှစ် ကုန်ဆုံးပြီးနောက် ၂၀၂၇ ခုနှစ်ကာလအထိ ကြီးကြီးမားမား သက်ရောက်မှုရှိနေမယ်လို့ သိရပါတယ်။ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ အားအလွန်ကောင်းတဲ့ အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မမှန်ခြင်း၊ လာမယ့်နွေကာလများမှာ နေ့အပူချိန်မြင့်မားခြင်းနဲ့ မိုးခေါင်ရေရှားခြင်း စတဲ့ အစွန်းရောက် မိုးလေဝသဖြစ်စဉ်တွေ ဖြစ်ပေါ်လာနိုင်ခြေရှိနေပါတယ်။

လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေတဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့အရှေ့ခြမ်း အချို့မှာ မိုးသည်းထန်စွာရွာသွန်းခြင်းနဲ့ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နေသလို ကမ္ဘာ့အနောက်ခြမ်း ဥရောပနိုင်ငံတွေမှာလည်း အပူချိန်မြင့်မားမှုကြောင့် အပူဒဏ်အန္တရာယ်များကို ခံစားနေကြရပါတယ်။ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီ၊ တနင်္သာရီ စတဲ့တိုင်းဒေသကြီးများနဲ့ ပြည်နယ်အသီးသီးတို့မှာ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများမှာ နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားပါတယ်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ မိုးသက်လေပြင်းများကျစဉ် လေတိုက်နှုန်း တစ်နာရီကို မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့် ၉ ပေမှ ၁၁ ပေခန့်အထိ မြင့်တက်နိုင်တာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ ကုန်းမြင့်ဒေသများမှာနေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်နဲ့ အနိမ့်ပိုင်းဒေသများမှာ နေထိုင်ကြသူတွေအနေနဲ့ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များကို အထူးသတိပြုကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် မိုးတိမ်တောင်များဖြစ်ပေါ်မှုကြောင့် မိုးရွာသွန်းခြင်းနဲ့အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနဲ့ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်တာကိုလည်း အမြဲမပြတ်သတိထားရှိပြီး ကြိုတင်ပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။

## နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲရင်ဆိုင်ကြပါစို့

အနှစ်ချုပ်ဆိုရရင်တော့ သဘာဝဘေးအန္တရာယ်ဆိုတာ ရှောင်လွှဲလို့မရနိုင်တဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေမယ့် ကြိုတင်ပြင်ဆင်မှုဆိုတဲ့ အသိတရားနဲ့ ဖွဲ့လုံ့လ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ သွေးစည်းညီညွတ်မှုနဲ့ စေတနာသဒ္ဓါတရားတို့ ပေါင်းစပ်လိုက်မယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်မှာအမှန်ပါပဲ။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးလက်တွဲညီညီဖြင့်သတိတရား၊ ဝီရိယတရားတို့ရှေ့ထားကာ အနာဂတ်အတွက် ဘေးအန္တရာယ်အပေါင်းတို့မှ ကြံ့ကြံ့ခံနိုင်တဲ့ ခိုင်မာတောင့်တင်းသောနိုင်ငံတော်ကြီးကို တည်ဆောက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

★ **စာမျက်နှာ ၁၇ မှအဆက်**

အပေါ်တွင်မူတည်၍ သင်ယူရသည့် စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန်တိုက်တွန်းအားပေးလိုပါကြောင်း၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များ အလိုက် စည်းကမ်းရှိသည့် လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့်စွမ်းအားရှိသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၉ ဒသမ ၁၄ သန်းကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။


ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုန်းတော်ကြီးကျောင်းအတွင်း ဟင်္သာတခရိုင်ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့ ရွှေလျားဆေးကုသရေးအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၁˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂˚c |
| မန္တလေး | ၂၆˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာကြပါစို့




၁ **ကျောဖုံးမှအဆက်**

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ မိုးကြီးမည့်သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ **(မိုး/ဇလ)**

# (၁၆) ကြိမ်မြောက် အာခါရိုးရာစုပေါင်း "ရဲခူအာဖွေ" ဒန်းစီးပွဲတော်နှင့် အူးဖူဒွေကျေးရွာတည်ခြင်း နှစ်(၃၀)ပြည့် အခမ်းအနားကျင်းပ

မိုင်းဆတ် ဩဂုတ် ၉

(၁၆)ကြိမ်မြောက် အာခါရိုးရာစုပေါင်း "ရဲခူအာဖွေ" ဒန်းစီးပွဲတော်နှင့်အူးဖူဒွေကျေးရွာတည်ခြင်း နှစ်(၃၀)ပြည့်အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်အုပ်စု အူးဖူဒွေကျေးရွာ၌ ကျင်းပသည်။

အာခါရိုးရာစုပေါင်း"ရဲခူအာဖွေ"ဒန်းစီးပွဲတော်သည် အာခါတိုင်းရင်းသားများ၏ ထူးကဲမွန်မြတ်သော ရိုးရာဓလေ့ပွဲတော်ဖြစ်သည်နှင့်အညီ မိုင်းဆတ်မြို့နယ်အတွင်းရှိအာခါမျိုးနွယ်စုတိုင်းရင်းသားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း၊ အဆိုပါပွဲတော်သည်ဒေသတွင်းတိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပွဲတော်အခြေပြုခရီးသွားကဏ္ဍမြှင့်တင်ရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ အာခါမျိုးနွယ်စုတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး (၁၆)ကြိမ်မြောက် အာခါရိုးရာ "ရဲခူအာဖွေ" ဒန်းစီးပွဲတော်နှင့် နှစ် (၃၀) ပြည့် အူးဖူဒွေကျေးရွာတည်ခြင်း အထိမ်းအမှတ်ကွန်ကရစ်ရင်ပြင်နှင့် လမ်းတို့ကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ "ရဲခူအာဖွေ"ဒန်းစီးပွဲတော်နှင့်စပ်လျဉ်း၍ အာခါတိုင်းရင်းသားအကြီးအကဲက ရှင်းလင်းတင်ပြပြီး ဒန်းတော်ကို အာခါရိုးရာဓလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာပြုစီးနင်း၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက အူးဖူဒွေကျေးရွာတည်ခြင်း နှစ်(၃၀)ပြည့် မင်္ဂလာကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ထူးခြားလေးနက်သည့် ပွဲတော်များကို ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိရာ နိုင်ငံတကာခရီးသွားများသိရှိပြီး တိုင်းရင်းသားများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိကာ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများတိုးပွားလာမည်ဖြစ်သကဲ့သို့ ဒေသခံလူထုအတွက်လည်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိကာ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့်ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးအတွက် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ကြောင်းအမှာစကားပြောကြားခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အူးဖူဒွေကျေးရွာနှင့်စပ်လျဉ်းသည့် ရပ်ရွာသမိုင်းကြောင်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြ၍ အာခါတိုင်းရင်းသားအကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားကာ ရဲခူအာဖွေ ဒန်းစီးပွဲတော် အထိမ်းအမှတ်လက်ဆောင်များပေးအပ်ခြင်း၊ အာခါအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ ယဉ်ကျေးမှုအက၊ တေးသံသာများဖြင့် တင်ဆက်ခြင်း၊ (၁၆) ကြိမ်မြောက် အာခါရိုးရာစုပေါင်း "ရဲခူအာဖွေ" ဒန်းစီးပွဲတော် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့်နယ်နိမိတ်ထိစပ်နေသည့် ပထဝီဝင်အနေအထားအရ အိမ်နီးချင်းထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ကြသည့်ဒေသတစ်ခုဖြစ်ကြောင်းနှင့် ယခုကဲ့သို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကိုကျင်းပခြင်းဖြင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို ဖော်ထုတ်နိုင်ရုံသာမက နိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

**လေဖိအားနည်းရပ်ဝန်း အခြေအနေ**

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်တို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ (မိုး/ဇလ)

**၉-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



**❖ ရေဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများ၏အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ် . . .**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

★ ရှေ့ဖုံးမှအဆက်

**ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများနှင့် တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ဝင်များလိုက်ပါ၍ အဆိုပါ ငဝန်မြစ်ရေကာတာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့်ဒေသများရှိ ကျေးရွာများ၊ လူနေအဆောက်အဦများအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့ပေးထားမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်သဖြင့် ထိခိုက်ပျက်စီးနေမှုတို့ကို ပုသိမ်မြစ်ကြောင်းအတိုင်း ဟင်္သာတမြို့အထိ ရဟတ်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေဘေးသင့်ပြည်သူများ၏ လတ်တလောစားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးကို အလေးထားဆောင်ရွက်သွားရန်၊ အလားတူ သဘာဝဘေးအန္တရာယ်များ ထပ်မံကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိပြီး တမံရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်းပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှုလျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့်ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင် လျှောစောက်အား Geo Textile အစများ၊ Geo Bag များဖြင့်ကာကွယ်ခြင်း၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့်ချခြင်း၊ ရေစီးလမ်းကြောင်းတားဆီးနိုင်ရေး Steel Sheet Pile ရိုက်ခြင်း စသည့်လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှု





လေးမျက်နှာမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၌ ရေကြီးရေလျှံဖြစ်ပေါ်နေမှုကိုတွေ့ရစဉ်။

များ အမြန်ဆုံးပြီးစီးမှုရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်၊ ကူညီထောက်ပံ့ရေး လုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟသ်ာတမြို့သို့ရောက်ရှိပြီး ဟသ်ာတမြို့နယ်၊ လဟာပကျေးရွာသို့ မော်တော်ယာဉ်များဖြင့်သွားရောက်၍ လဟာပကျေးရွာဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှစ်သိမ့်အားပေးစကားပြောကြားသည်။ ဦးစွာ နိုင်ငံတော်သမ္မတအား ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းက ရေဘေးရှောင်ပြည်သူများနှင့်ပတ်သက်သည့် အချက်လက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးရှောင်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားရာတွင် မိမိအနေဖြင့် ယမန်နေ့ကတည်းကပင် လာရောက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုအခြေနေမပေးသဖြင့် လာရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်များဖြင့်သာ လိုက်လံကြည့်ရှုခဲ့ရကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအဓိကထား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။

ဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့်၊ အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ဒေသတွင်းရှိ အခြေခံကောင်းများအား အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန်လိုကြောင်း။

သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မ စနစ်တကျ စိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ပေါက်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး ဧရာဝတီမြစ်၊ ငဝန်မြစ်နှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှောင်ရှား၍ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှု

**❖ သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကိုတွေ့မြင်ရသဖြင့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့အပါအဝင် သစ်ပင်များကိုတစ်အုပ်တစ်မ စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်၊ ရေဝင်ပေါက်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး ဧရာဝတီမြစ်၊ ငဝန်မြစ်နှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှောင်ရှား၍ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ် . . .**

အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်အတူ စေတနာရှင် အလှူရှင်များကလည်း စဉ်ဆက်မပြတ်လာရောက်လှူဒါန်းမှုများကို အားတက်ဖွယ်တွေ့ရှိရပြီး ယမန်နေ့က ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြန်လည်တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည်ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်းကိုယ်စီကြိုးစားအားထုတ်ကြမည်ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်ကို မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှု **စာမျက်နှာ ၁၅ သို့** ☆





ငဝန်မြစ်ရေကာတာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ပြန်လည်ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President U Min Aung Hlaing cordially encourages flood-affected people and provides relief supplies in Laymyethna Township, Hinthada District, Ayeyawady Region





President U Min Aung Hlaing cordially meets flood-affected people from Laymyethna Township at the monastery in Lahapa Village of Hinthada Township.

NAY PYI TAW August 9

In Laymyethna Township, Ayeyawady Region, heavy rainfall caused water to break through the sand layer beneath the Ngawun River embankment, resulting in water flowing through the breach and causing a section of the embankment to subside. Consequently, water entered wards in Laymyethna and surrounding villages, as well as villages in Hinthada, Yekyi and Kyonpyaw townships, causing flooding and inundation. Rescue and relief operations are being carried out intensively through the collective efforts of the government, the Tatmadaw and security personnel, officials from relevant departments, social organizations and volunteers. Flood-affected residents are also being transported to and accommodated at temporary flood shelters.



President U Min Aung Hlaing presents relief supplies to a flood-affected resident from Laymyethna Township.

**Inspecting flood-affected areas and prevention of erosion due to lowering the embankment and efforts to block deep water course**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by officials, inspected by helicopter travelling along the Pathein River route to Hinthada this morning the villages and residential areas affected by flooding caused by water overflowing from the Ngawun River embankment, the relocation of residents to temporary flood shelters, and damage to agricultural land caused by inundation. Based on reports from officials, the President instructed that priority must be given to addressing the immediate food and livelihood needs of flood-affected people and to rehabilitation efforts. The President also gave instructions to systematically undertake preventive measures in advance to minimize casualties and losses in the event of similar natural disasters in the future, as well as to address other necessary matters.

The President then arrived at Mile Post 25/3 of the Ngawun River embankment in Laymyethna Township, Hinthada District. From the helicopter, he inspected the ongoing efforts to protect the embankment from erosion and block the deep-water channel with placing geobags used for riverbank protection to reduce water erosion, constructing diversion barriers with geobags, protecting the water-facing slope of the embankment with pieces of geotextile and geobags, and blocking the deep-water channel by bundling and securing large sand-filled geobags and sandbags with nylon ropes and placing them using vessels and sand-dredging boats. Steel sheet piles are also being driven to block the water flow. These works are being carried out with the continued efforts of officials, technical experts and skilled workers from the Ministry of Agriculture, Livestock and Irrigation, the Ministry of Transport, and the Ministry of Construction, together with the Ayeyawady Region Government. The President gave guidance on the soonest completion of works in systematical ways and provisions of relief supplies to residents as quickly as possible.

**Comforting flood-affected people**

The President and party proceeded to Lahapa Village of Hinthada Township by car. The President cordially greeted flood-affected people. Hinthada District Administrator U Hlaing Win reported to the President on facts about the flood-hit people.

In giving words of encouragement, the President stated that he had made arrangements to come and meet the people since yesterday, but was unable to do so due to unfavourable weather conditions and had to inspect Kangyidaunt, Ngaputaw and Thabaung townships by helicopter instead. The government would provide all possible assistance and support to ease the difficulties faced by flood-affected people and helps them return to their normal livelihoods as soon as possible. Once the floodwaters recede, if the people themselves make efforts to carry out rehabilitation activities, they will be able to return to normal conditions as quickly as possible.

See Page - 19

■■ From Page - 18

Ayeyawady Region is a region that places a major emphasis on agriculture and livestock farming and has a strong economy and long-standing traditions. Therefore, it is necessary to overcome the natural disasters currently being experienced by making effective use of the region's existing strengths and resources.

As tree planting is currently inadequate, systematically planting trees, including mangroves, manjansha trees and coconut trees, in dense stands will help provide a certain degree of protection against water erosion and strong winds. Efforts should also be made to ensure that waterways and water inlets are properly managed. The government will undertake measures to improve water flow in the Ayeyawady and Ngawun rivers and other rivers and creeks. Although natural disasters cannot be completely avoided, systematic preparedness and preventive measures can help minimize damage and losses.

It is encouraging to see generous donors continuously making contributions alongside the State. At the donation ceremony held yesterday, a total of more than Ks-23 billion in donations was received. The President expressed his sympathy for the people over the damage and losses caused by the floods. Just as the State and donors are providing all possible assistance, local residents should also make concerted efforts to restore their livelihoods and return to their normal conditions. When schools that were temporarily closed due to the floods reopen, parents are urged to give priority to ensuring that their children return to school. Education not only provides knowledge and academic qualifications but also helps cultivate discipline, good character and a willingness to work hard. Therefore, continued support for and promotion of education is essential.

As Ayeyawady Region already possesses favourable natural resources and strong foundations, it can become one of the leading regions in the country if everyone makes individual efforts and works hard. With regard to school education, the academic knowledge and general knowledge gained will vary depending on the grade and level of education completed. Therefore, he would like to encourage everyone to pursue their education through to completion. By attending school and studying at the respective grade levels, young people will develop discipline and become capable and competent individuals equipped with comprehensive knowledge and skills. The President asked needs of the people and attended to their needs.

The President presented relief supplies for the flood-affected people through representatives. The Union Minister for Social Welfare, Relief and Resettlement gave Ks-19.14 million for the vulnerable group members from the flood-affected people in Laymyethna Township through a representative.

The President cordially greeted the people and encouraged them.

The President observed activities of providing healthcare services to the flood-affected people by the mobile medical team from Hinthada General Hospital and Hinthada District Medical Services and gave necessary guidance. **Myawady**

---

▶▶ From Page - 21

balanced, enabling the institution to produce outstanding youth. For practical agricultural work, he recommended focusing primarily on rubber and mango for long-term crops, and he instructed the university to continue working toward opening master's degree programs.

He also stated that it is necessary to produce the required agricultural experts for Maubin District, emphasizing that efforts must be made to improve yields and quality for crops successfully grown in the district, such as paddy, beans, soybeans, and sunflowers. He noted that administrative organizations must collaborate with the university to systematically map out and organize agricultural lands. He added that officials need to conduct systematic field research on flooded and deepwater areas, noting that properly establishing fish ponds and farmland in these locations will further advance aquaculture and agricultural operations.

The President stressed the need to incorporate environmental conservation subjects into the curriculum at the University of Agriculture and Livestock Breeding (Maubin) to educate students and support regional environmental protection efforts.Highlighting the increased vulnerability to severe storms due to deforestation, he urged the widespread planting of trees and forests across the Ayeyawady Region. He emphasized that establishing windbreaks through the cultivation of trees, including coconut palms, mangroves and mangium is crucial for mitigating the impact of storms. He added that proactive human preparation can significantly cushion the blows of natural disasters, calling for the mandatory planting of wind-break trees in structured rows. Furthermore, to prevent flooding and ensure proper water drainage, the President directed officials to clear silt and sandbanks currently forming in rivers and creeks. He also instructed that clearing operations be systematically carried out in urban wards to prevent the blockage and siltation of creeks and drains, while addressing other related concerns.

Following the briefing, the President inspected the campus of the University of Agriculture and Livestock Breeding (Maubin) and the construction of new school buildings by motorcade. During the visit, he provided guidance to responsible officials, emphasizing the importance of systematic and orderly project implementation to ensure timely completion.

**Technological University (Pathein) and Pathein University**

Similarly, on August 8, the President visited Technological University (Pathein) and Pathein University. During the visit, he toured the campus grounds by vehicle, inspecting the premises and issuing directives to officials. Key instructions included the need to enhance campus cleanliness and aesthetics commensurate with university standards, as well as the pruning and trimming of overgrown trees to improve light penetration and openness within the campuses. Additional guidance was provided on other necessary improvements.

**Myawady**

---

# Authorities earmark cultivation of more than 3,000 acres of maize and sweet corns

MINGIN August 9

Local authorities in Mingin Township of Sagaing Region decided to grow more than 3,000 acres of maize and sweet corns in the township this monsoon, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Mingin Township plans to cultivate a total of 3,164 acres of maize, comprising 619 acres of maize and 2,545 acres of sweet corn, according to reports. Planting will be carried out from June through December this year.

"This coming monsoon cropping season, Mingin Township has targeted the cultivation of more than 3,000 acres of seed maize and sweet corn. Efforts will be made to ensure the targeted acreage is fully achieved. To ensure successful corn production, awareness activities and educational support on the prevention of pest and disease infestations will also be carried out," said U Shan Oak Kein, head of the Mingin Township Agriculture Department.

This year, the Township Agriculture Department will provide training courses and conduct field demonstrations for seed maize and sweet corn growers in Mingin Township. Farmers will also receive agricultural education on preventive measures against fall armyworm infestations, integrated crop protection systems, and the use of neem-based pesticides as well as ginger- and chili-based pest control solutions.

In Mingin Township, maize cultivation yields more than 50 baskets per acre, with cultivation costs of around Ks-500,000 per acre. Sweet corn cultivation produces about 15,000 ears per acre, while cultivation costs exceed Ks-500,000 per acre.

**SK**

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Israel rejects 15-point board of peace plan for Gaza – Netanyahu

TEL AVIV August 9

Israel rejects the 15-point plan for the Gaza Strip proposed by the Board of Peace and refuses to withdraw troops from the enclave until the Palestinian movement Hamas is fully disarmed, Prime Minister Benjamin Netanyahu said on Sunday.


"Israel rejects the 15-point document. The Israel Defence Forces will not withdraw until Hamas is disarmed. And when I speak of Hamas' disarmament, I mean heavy weapons, lighter weapons — all weapons. And we are talking about real disarmament, not a fictitious one," he said at a televised government meeting.

The Israeli Prime Minister's Office conveyed its objections to the United States in late July regarding the 15-point plan for resolving the conflict in the Gaza Strip.

"We are currently discussing this issue with the Americans. They have their own ideas, some of which are acceptable to us and some are not, and we know how to defend our position on such matters. We have proven this in the past and we are proving it today," Netanyahu said.

**Sputnik**

# Scientists create viruses with AI



WASHINGTON August 9

US scientists have used artificial intelligence (AI) to create functional viruses that do not exist in nature for the first time, demonstrating a capability that researchers say could advance medicine but also pose serious biosecurity risks.

Researchers at Stanford University and the Broad Institute of MIT and Harvard used AI to design thousands of complete viral genomes, according to a study published in Science on Thursday.

Nearly 300 of the designs were chemically synthesized and tested in laboratories, producing 16 viable viruses.

The viruses were bacteriophages – organisms that infect bacteria rather than humans – and were based on a naturally occurring phage. Some of the AI-designed versions proved more effective than natural phages at killing strains of E. coli that had developed resistance.

AI had previously been used extensively to design individual genes and proteins, but the researchers said this was the first demonstration that generative models could design an entire functional viral genome.

Fatemeh Vafaee, a biotechnology professor at the University of New South Wales, stressed that the phages posed no danger to humans but said the capability raised future security concerns.

“It's less ‘should we worry about this virus’ and more ‘AI can now do this at all’,” she told Al Jazeera, calling for stronger oversight.

Experts noted, however, that designing dangerous human pathogens remains far more difficult than creating relatively simple bacteriophages.

The breakthrough comes amid growing concern over autonomous AI systems acting outside their intended instructions. Models developed by Open AI, Anthropic, and Meta have recently carried out unauthorized cyber activity during security testing.

**RT**

# 21 killed, 37 injured in bus collision in western Niger

NIAMEY August 9

At least 21 people were killed and 37 others injured in a collision between two passenger buses on Friday in western Niger, the Niger News Agency (ANP) reported Saturday.

The crash occurred on the Maradi-Madaoua road, about 55 km from the city of Madaoua, according to the ANP.

The provisional death toll was 21, while the 37 injured people were receiving medical treatment, the agency reported, adding that one of the buses was carrying military personnel.

An investigation has been launched to determine the cause of the crash.

The accident occurred as Nigerien authorities were stepping up road safety awareness campaigns amid frequent road accidents in the country.

Road accidents are common in Niger, with speeding, drunk driving, poor vehicle and road conditions among the main factors.

**Xinhua**

# Indonesia closes Mount Bromo tourist area as wildfire spreads

JAKARTA August 9

Indonesia closed the Mount Bromo tourist area in East Java to all tourist activities on Saturday night as a wildfire continues to spread, the Bromo Tengger Semeru National Park authority said late Saturday.

The closure took effect at 10 pm local time on Saturday and will remain in place until further notice.

The fire, which broke out on Monday, has affected approximately 170 hectares.

The park authority said the closure is aimed at facilitating firefighting operations and ensuring visitor safety. Visitors who purchased tickets for the closure period through the online booking system may reschedule their visits or request refunds.

The cause of the fire has yet to be determined, and no casualties have been reported.

Mount Bromo is located within a national park in East Java Province and is one of Indonesia's best-known tourist destinations.

**Xinhua**

# China issues red alert as Typhoon Dolphin approaches

BEIJING August 9

China's national observatory on Sunday activated a red alert -- the highest level in the country's typhoon warning system -- as Typhoon Dolphin approaches.

Typhoon Dolphin is forecast to make landfall along the country's east coast from Sanmen in Zhejiang Province to Fuding in Fujian Province around Sunday evening to the early hours of Monday, according to the National Meteorological Center (NMC).

Wang Haiping, NMC chief forecaster, said a high alert was required due to the typhoon's heavy rainfall intensity, extensive impact range and prolonged duration.

From Sunday to Wednesday, regions that include northern Fujian, Zhejiang, Shanghai, northern Jiangxi, Jiangsu, Anhui, eastern Hubei, central and eastern Henan, and southern Shandong, will be hit by heavy downpours, with some areas in central-eastern Zhejiang and southern Anhui facing severe torrential rain.

Addressing key areas of prevention, Wang said the coastal areas of East China and the East China Sea need to focus on guarding against gale-force winds. From Sunday to Tuesday, most parts of the East China Sea, Hangzhou Bay, the coastal areas of Zhejiang, and the Yangtze River Estuary, are expected to experience winds of Force 9 to 12, with gusts reaching Force 11 to 14, while gusts near the typhoon center could reach Force 15 to 16.

Relevant provinces also need to guard against secondary disasters triggered by persistent heavy rainfall. The risks of mountain torrents, geological disasters, and flash floods in small and medium-sized rivers are relatively high in Zhejiang, Anhui, Henan, and Hebei, while some cities face high risks of urban waterlogging.

NMC forecasts Typhoon Dolphin to move northwestward and gradually weaken after landfall. After Wednesday, the weakened remnant vortex will turn northward.

"A typhoon landfall does not mean its impact is over. After Dolphin makes landfall, it will push further inland," Wang said.



From Thursday to Sunday, the Beijing-Tianjin-Hebei region, northern Shandong and Liaoning are likely to see heavy rainfall, with some areas expected to experience severe torrential rain.

In response to the typhoon, China's meteorological authority on Sunday upgraded its emergency response for severe meteorological disasters from Level III to Level II.

**Xinhua**

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects upgrading of universities in Hinthada, Maubin and Pathein in Ayeyawady Region and district-level sport grounds



President of the Republic of the Union of Myanmar U Min Aung Hlaing inspects Agriculture and Livestock Breeding University (Maubin).

NAY PYI TAW August 9

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of the entourage, inspected universities in Hinthada and Maubin in Ayeyawady Region this morning.

**Ayemyathaya People's Sport Ground of Hinthada District**

The President inspected the Ayemyathaya People's Sport Ground of Hinthada District. In response to the reports of officials, the President gave guidance on development of the sports sector in Hinthada District, systematic calculations and preparations to upgrade the sport ground into a facility with stands and a 400-meter tracks for the convenience of athletes and spectators. He also dealt with other matters.

**Hinthada University**

The President and party observed the Hinthada University in a motorcade. At the main lecture hall, the President gave directives on uninterrupted activities to improve the university's physical appearance and to beautify and clean the campus and to clear the weeds growing at the foot of large trees and other matters, after hearing the reports presented by the rector and officials.

**Agriculture and Livestock Breeding University (Maubin)**

On arrival at the Agriculture and Livestock Breeding University (Maubin), the President and party were warmly welcomed by officials.

At the briefing hall of the university, the President heard a report on brief history of the university, target enrollment for the relevant academic year, current program to confer agricultural science degree and livestock breeding science degree on students and future programs to conduct post-graduate diploma, master's degree and doctorate degree courses, progress in implementing the directives given by the Head of State during his visit to the university in November 2025, academic vision, mission and goals of the university, university's organizational structure, staff employment, number of students per year and the number of students from regions and states, research programs for relevant fields, infrastructural requirement, practical crop fields and research for agriculture subject, demonstrations and field tours to farms of the livestock and breeding subject, and development plans that began in academic year 2025-2026, presented by Union Minister for Agriculture, Livestock and Irrigation U Min Naung, and Pro Rector Dr Nay Myo Aung, and a report on progress in realizing the directives given by the Head of State during his visit to Maubin, presented by Maubin District Administrator U Kyaw Thet Khaing.

**Additional instructions**

The President gave additional instructions on the reports, speaking of the need to make systematic programs before conducting master's degree courses on agriculture and on livestock breeding, to provide lectures and training systematically for the emergence of brilliant agricultural and livestock breeding experts who will benefit the country in accord with the saying "Well done is half begun." The university should pay attention more on generating qualified degree holders rather than on numbers.

He also gave directives on fulfilling of the university's structural needs according to the year-wise plans.

In his speech, the President said the university was opened with the aim of producing skilled agricultural and livestock breeding technicians in lower Myanmar. Agricultural experts who are skilled in the main crops of lower Myanmar must be generated. Agricultural undertakings need the proper application of four means in effective use of seeds, soil, water and technology. Efforts should be made to acquire pedigree seeds, conduct methodical land preparations, seek means for availability of water and beneficial use of water resources, and apply correct methods. The university should provide practical and theoretical courses to enable students to properly apply the said means. It should conduct effective lectures on water supply to use water beneficially and on the practical techniques that really benefit agriculture.

He stated that livestock breeding encompasses poultry, pigs, goats, cattle, and fish, noting that poultry, ducks, pigs, cattle, and fish are primarily raised in the Ayeyawady Region. He emphasized the need to produce livestock experts who can effectively utilize the region's favourable natural conditions to drive success in breeding operations. Regarding aquaculture, he highlighted both saltwater and freshwater farming, stressing that students in other regions must be taught appropriate methods for both environments. He noted the importance of providing systematic training in raising indigenous, broiler, and layer chickens, as well as duck farming techniques, with an emphasis on combining theoretical knowledge with practical application. He added that subject to future conditions, an agricultural and livestock breeding university will be opened in Shwebo, and agricultural institutes will be upgraded to the college level. Given that agriculture and livestock serve as the country's main economic activities, he stated that agricultural and livestock institutes will be established and progressively elevated to college status, calling for active efforts to encourage greater student enrollment in livestock studies.

He stressed the need to systematically construct essential university facilities for students and faculty, emphasizing the mandatory building of classrooms, libraries, and laboratories. He noted that efforts must be made to provide university education within a true academic atmosphere, remarking that matriculated students entering higher education are young adults of similar ages. Consequently, he stated that officials must create a favourable environment with well-organized lecture halls, dormitories, and dining facilities through genuine goodwill. He added that upon graduation, students will enter society and join the workforce, explaining that university graduates can be viewed as future managers who are appointed to positions such as executive officers and heads of departments. He concluded that managers serve as vital junior leaders occupying key roles across various fields.

He stated that university education must build strong foundations, noting that if teachers come from a good environment, students will likewise be able to create a positive environment. He urged educators to train young people to become outstanding, capable, and good citizens, emphasizing that students will excel if the university nurtures them properly. Regardless of their field of study, he called for efforts to help students become proficient in their respective disciplines, noting that while not everyone can rank first, everyone can become capable and skilled. He highlighted that the university's teacher-to-student ratio is

See Page - 19►►

# ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ဩဂုတ်လ ၆ ရက်နေ့တွင် ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၂ နာရီအချိန်အကြာ ဩဂုတ်လ ၇ ရက်နေ့တွင် တရားခံများအားဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း အမှတ် (၆) ရပ်ကွက်နေ ဦးအောင်မြင့်(ခ) ဆူပရာမန်းနီး(ဘ) ဦးကရပဲယား၊(ဟိန္ဒူ၊ ဗုဒ္ဓ) သည် ၎င်းပိုင်ဆိုင်သည့် Diamond Shine စိန်ရွှေရတနာဆိုင်မှ ဩဂုတ်လ ၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လာစဉ် အမှတ်(၆) ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ်၊ (၃၆) အရှေ့သို့အရောက်၌ စိစစ်ဆဲအဖွဲ့တစ်ဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီအချိန်ခန့်တွင် အကြမ်းဖက်သမားများက ဦးအောင်မြင့် ကိုင်ဆောင်သောဖုန်းဖြင့် ၎င်း၏မိသားစုများထံသို့ ဆက်သွယ်၍ ဦးအောင်မြင့်(ခ)ဆူပရာမန်းနီးအား အသက်ရှင်လျက်ပြန်လည်ရရှိလိုပါက ငွေကျပ်သိန်း ၄၅၀၀နှင့်ရွှေ ၆၀ ကျပ်သား ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားခြင်းမပြုရန်နှင့် တိုင်ကြားပါက ဦးအောင်မြင့်အား သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ငွေကြေးတောင်းခံခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါဖြစ်စဉ်မှ တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စိစစ်မှုများဆောင်ရွက်ခဲ့ပြီး ဩဂုတ်လ ၇ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်ခန့်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်တွင်ပါဝင်သူ တရားခံများ

**ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်မှဖမ်းဆီးရမိသည့် တရားခံများမှတ်တမ်းဓာတ်ပုံ**



မူဒူးဂါး(ခ)ဝင်းကိုအောင်(၂၆)နှစ်
ဩဂုတ်လ ၇ ရက် ၀၄၃၀ နာရီဖမ်းမိ



ဂင်ဒို(ခ)လင်းလင်း(၃၀)နှစ်
ဩဂုတ်လ ၇ ရက် ၀၄၃၀ နာရီဖမ်းမိ



မျိုးမင်းဦး(ခ)မျိုးကြီး(၃၂)နှစ်
ဩဂုတ်လ ၇ ရက် ၀၅၀၀ နာရီဖမ်းမိ



အောင်သူ(ခ)အောင်သူဦး(၃၂)နှစ်
ဩဂုတ်လ ၇ ရက် ၀၅၀၀ နာရီဖမ်းမိ



မောင်ငယ်(၃၁)နှစ်
ဩဂုတ်လ ၇ ရက် ၀၅၃၀ နာရီဖမ်းမိ



ကျော်သူရ(၃၆)နှစ်
ဩဂုတ်လ ၇ ရက် ၀၇၀၀ နာရီဖမ်းမိ



အောင်ထက်မိုး(၃၀)နှစ်
ဩဂုတ်လ ၇ ရက် ၀၇၀၀ နာရီဖမ်းမိ



ကျော်သက်(၃၀)နှစ်
ဩဂုတ်လ ၇ ရက် ၀၇၀၀ နာရီဖမ်းမိ



ဓား ၁ ချောင်း၊ လှံစွပ် ၁ ချောင်း၊ လက်ထိတ် ၁ ခု

ဆောင်ရွက်ခဲ့ရာပြန်ပေးဆွဲခံရသူဦးအောင်မြင့်(ခ)ဆူပရာမန်းနီးအား ၎င်းအနီးရှိ အိမ်ပျက်အတွင်းမှ အသက်ရှင်လျက်ပြန်လည်ရှာဖွေတွေ့ရှိကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျန်ရှိနေသောတရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီခွဲအချိန်ခန့်တွင် တရားခံ မောင်ငယ် (ဘ) ဦးဘီဒါဒေါင်း(ဟိန္ဒူ၊ ဗုဒ္ဓ)အား ဒေါပုံမြို့နယ်၊ စံပြ(၁) လမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်များအရ အထက်ပါပြန်ပေးဆွဲမှုဖြစ်စဉ်တွင်ပါဝင်ပတ်သက်ခဲ့ကြသည့်တရားခံ ကျော်သူရ၊ အောင်ထက်မိုးနှင့်ကျော်သက်တို့ ၃ ဦးအား နေအိမ်အသီးသီးတွင်လည်းကောင်း၊ပြန်ပေးဆွဲမှုပြုလုပ်ရာတွင်အသုံးပြုခဲ့သည့် Taxi နှင့် ယာဉ်မောင်းဖြစ်သူ ကျော်ကိုကိုလွင် (ဘ) ဦးတင်ဝင်းအား ဒေါပုံမြို့နယ်၊ ယမုံနာ (၁) ရပ်ကွက်၊ အောင်မေတ္တာအလယ်လမ်း အိမ်အမှတ် (၃၁၇)၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး အချိန်တိုအတွင်း

**ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ အောင်မေတ္တာအလယ်လမ်း၊ အမှတ်(၃၁၇)တွင် Taxi ယာဉ်နှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ၏မှတ်တမ်းဓာတ်ပုံ**




ပြန်ပေးဆွဲရာတွင် အသုံးပြုသည့် Taxi မော်တော်ယာဉ်



ကျော်ကိုကိုလွင်(၃၉)နှစ်
(Taxi ယာဉ်မောင်း)
ဩဂုတ်လ ၇ ရက်တွင်ဖမ်းမိ

ဖြစ်ကြသည့် မူဒူးဂါး(ခ) ဝင်းကိုအောင်(ဘ) ဦးလှမြင့်(ခ)ဦးဘာစန်း(ဟိန္ဒူ၊ ဗုဒ္ဓ)နှင့် ဂင်ဒို(ခ)လင်းလင်း (ဘ)ဦးမောင်မောင်(ဟိန္ဒူ၊ ဗုဒ္ဓ) တို့နှစ်ဦးအား တာမွေမြို့နယ်၊ စက်စန်းဟိုတယ်အနီးတွင်ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများအားဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ အဆိုပါနေ့နံနက် ၅ နာရီခန့်တွင် မျိုးမင်းဦး(ခ) မျိုးကြီး(ဘ) ဦးအုန်းမြနှင့်အောင်သူ(ခ)အောင်သူဦး(ဘ) ဦးဝင်းလှိုင်တို့နှစ်ဦးအား သာကေတမြို့နယ်၊ ကျောက်တိုင်မှတ်တိုင်အနီးတွင် အသွား ၆ လက်မခန့်ရှိ ဓားတစ်ချောင်း၊ လှံစွပ်တစ်ချောင်း၊ လက်ထိတ်တစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်အား လိုအပ်သည့်ရှာဖွေမှုများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏နေ့မအားညမအားကြိုးပမ်းဆောင်ရွက်မှုနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် စုစုပေါင်း ၉ ဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၉

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

## ဒေါဖင်မုန်တိုင်း တရုတ်ကုန်းတွင်းပိုင်းဝင်ရောက် လူတစ်သန်းကျော် ဘေးကင်းရာရွှေ့ပြောင်း

**ပေကျင်း၊ ရာသီဥတု**

ဒီနှစ်အတွင်း တရုတ်နိုင်ငံကိုဝင်ရောက်တိုက်ခတ်တဲ့ မုန်တိုင်းတွေထဲမှာ အားပြင်းသောမုန်တိုင်းတစ်လုံးဖြစ်တဲ့ ဒေါဖင်မုန်တိုင်းဟာ ဩဂုတ်လ ၉ ရက်မှာ တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းမှတစ်ဆင့် ကုန်းတွင်းပိုင်းကို ဝင်ရောက်လာပါတယ်။ မုန်တိုင်းနဲ့အတူ မိုးသည်းထန်စွာရွာသွန်းမှုတွေနဲ့ လေပြင်းတိုက်ခတ်မှုတွေလည်း ပါလာတာကြောင့် ရေကြီးမှုနဲ့မြေပြိုမှုတို့အတွက် သတိပေးချက်တွေကိုလည်း ထုတ်ပြန်ထားရပါတယ်။

မုန်တိုင်းဟာ ကျဲကျန်းပြည်နယ် ယုဝှမ်မြို့အနီးကနေ ညနေ ၅ နာရီခွဲလောက်မှာ ကုန်းတွင်းပိုင်းဝင်ရောက်လာတာပါ။ မုန်တိုင်းရဲ့အရှိန်ကြောင့် လေတိုက်နှုန်းဟာ တစ်နာရီကို ၁၅၁ ကီလိုမီတာနှုန်းရှိနေပါတယ်လို့ တရုတ်မိုးလေဝသဌာနက ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းကြောင့် လူသေဆုံးမှုများ မဖြစ်ရလေအောင် မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ မြို့များမှ ဒေသခံပြည်သူတစ်သန်းကျော်ကို ကယ်ဆယ်ရေးစခန်းများစွာဖွင့်လှစ်ပေးပြီး ဘေးကင်းရာရွှေ့ပြောင်းပေးထားပါတယ်။

ဒ့ါအပြင် ကမ်းဝေးရေလုပ်သားများကိုလည်း ဘေးကင်းရာအရပ်မှာခိုလှုံနေဖို့၊ ပင်လယ်ပြင်ထွက်မယ့်လှေတွေကိုလည်း ဆိပ်ကမ်းဆီပြန်ကပ်ဖို့၊ ရေလှောင်ကန်များ၊ တောင်ကျချောင်းနေရာများ၊ မြေပြိုမှုဖြစ်လေ့ရှိတဲ့နေရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းနေရာများ၊ ခရီးသွားနေရာများမှာ စစ်ဆေးမှုတွေကို တိုးမြှင့်ပြုလုပ်ဖို့ တာဝန်ရှိသူများကညွှန်ကြားထားပါတယ်။ အခုဆိုရင်မုန်တိုင်းက အရှေ့ဘက်မှဝင်ရောက်ပြီး အနောက်တက်ဆီဦးတည်ရွေ့လျားကာ အားပျော့သွားမယ်လို့ မိုးလေဝသပညာရှင်များက ခန့်မှန်းထားပါတယ်။ **Ref: ST**





## ဒေါ်နယ်ထရမ့်ရဲ့ အချက် ၁၅ ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို နေတန်ယာဟုက လက်မခံဘဲပယ်ချ

**ဂျေရုဆလင်၊ စစ်ရေး**

ဂါဇာကမ်းမြောင်ဒေသမှာဖြစ်ပွားနေတဲ့ ပဋိပက္ခများအဆုံးသတ်ပြီး ငြိမ်းချမ်းစေရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဘုတ်အဖွဲ့ဟာ အချက် ၁၅ ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်ကိုထုတ်ပြန်လိုက်ပြီး အမေရိကန်ရဲ့ အရင်းနှီးဆုံးမဟာမိတ်ဖြစ်တဲ့အပြင် ဂါဇာဒေသပဋိပက္ခမှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ အစ္စရေးနိုင်ငံက အဲဒီအစီအစဉ်တွေကို လက်မခံဘဲ ပယ်ချလိုက်ပါတယ်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဩဂုတ်လ ၉ ရက်မှာလုပ်ဆောင်တဲ့ အစိုးရအဖွဲ့အစည်းအဝေးအတွင်း အခုလို ငြင်းဆိုချက်ကိုထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ "အစ္စရေးနိုင်ငံအနေနဲ့ အချက် ၁၅ ချက်ပါအစီအစဉ်ကို လက်မခံနိုင်ပါဘူး။ ဟားမက်အဖွဲ့အနေနဲ့ အလုံးစုံလက်နက်မစွန့်သမျှကာလပတ်လုံး အစ္စရေးတပ်ဖွဲ့တွေကလည်း အဲဒီနေရာကနေ ဆုတ်ခွာမှာမဟုတ်ပါဘူး။ ဟားမက်အဖွဲ့အနေနဲ့ လက်နက်ချမှုဆိုတဲ့စကားရပ်ထဲမှာ သူတို့အသုံးပြုနေတဲ့ လက်နက်ငယ်၊ လက်နက်ကြီးအပါအဝင် လက်နက်အားလုံးပါဝင်ပါတယ်။ အမှန်တကယ်လက်နက်ချတာကို ဆိုလိုတာပါ။ တစ်ဖက်လှည့်နဲ့ လှည့်စားတာမျိုးမလိုချင်ပါဘူး" လို့ နေတန်ယာဟုကပြောထားပါတယ်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်မှာ အီဂျစ်၊ ကာတာ၊ အမေရိကန်၊ တူကီယဲတို့ရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် အစ္စရေးနဲ့ဟားမက်ကြား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အဆိုပြုတဲ့ ငြိမ်းချမ်းရေးအစီအစဉ်ရဲ့ ပထမအဆင့်ကို အကောင်အထည်ဖော်သွားဖို့ သဘောတူထားကြတာဖြစ်ပါတယ်။ အဲဒီသဘောတူညီချက်အရဆိုရင် အစ္စရေးတပ်ဖွဲ့တွေက ဂါဇာဒေသထဲကနေ အဝါရောင်မျဉ်းလို့သတ်မှတ်ထားတဲ့ နေရာအထိ ပြန်ဆုတ်ပေးရမှာဖြစ်ပါတယ်။ ဒီလိုပြန်ဆုတ်ပေးရသည့်တိုင်အောင် ဂါဇာကမ်းမြောင်ဒေသ ၅၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ခွင့်ရှိနေပါသေးတယ်။ **Ref: Sputnik**

## အီရန်စစ်ပွဲကြောင့် အာရှရှိ အမေရိကန်ရဲ့ မဟာမိတ်များမှာ အကာအကွယ်မဲ့သလို ခံစားနေရ

**နယူးယောက်၊ စစ်ရေး**

အီရန်စစ်ပွဲကြောင့် အာရှဒေသမှာရှိတဲ့ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံများအနေနဲ့ အကာအကွယ်မဲ့သလို ခံစားနေရတယ်လို့ တာဝန်ရှိသူများရဲ့ပြောဆိုချက်ကိုကိုးကားပြီး The New York Times သတင်းစာက ဖော်ပြထားပါတယ်။ အထူးသဖြင့် အီရန်နဲ့စစ်ပွဲမှာ အမေရိကန်က သူ့မှာရှိတဲ့လက်နက်အမြောက်အမြားကို အချိန်တိုအတွင်း အသုံးပြုလိုက်ရတာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက်က စတင်ဖြစ်ပွားတဲ့စစ်ပွဲကြောင့် အမေရိကန်ဟာ တန်ဖိုးကြီးမားလှတဲ့ တိကျပဲ့ထိန်းဒုံးကျည်များ၊ ကြားဖြတ်ဒုံးကျည်များကို ခဲယမ်းဂိုဒေါင်မှာ ဒုံးကျည်တွေမကျန်တော့သလောက် နီးပါးဖြစ်အောင် အသုံးပြုခဲ့ရတာပါ။ ဒီလိုအသုံးပြုရမှုကြောင့် အမေရိကန်အနေနဲ့ အထူးသဖြင့် အာရှဒေသအပါအဝင်အခြားနိုင်ငံများဆီ ဒုံးကျည်များကိုအချိန်မီပေးပို့နိုင်ခြင်းမရှိခဲ့ဘူးလို့ တာဝန်ရှိသူများက ဆိုပါတယ်။

ဒီစစ်ပွဲမှာ အမေရိကန်က တောင်ကိုရီးယားအပါအဝင် အာရှဒေသရှိ မိတ်ဖက်နိုင်ငံများမှာသိုလှောင်ထားတဲ့ သူတို့ရဲ့ ကြားဖြတ်ဒုံးကျည်တွေကိုပါအသုံးပြုပြီး အရှေ့အလယ်ပိုင်းရှိ အမေရိကန်စစ်စခန်းတွေကိုကာကွယ်ခဲ့ရတယ်လို့သတင်းစာမှာ ဖော်ပြထားပါတယ်၊ အသုံးပြုခဲ့ရတဲ့ဒုံးကျည်တွေထဲမှာ တရုတ်နဲ့ပဋိပက္ခဖြစ်ရင်အသုံးပြုမယ့် အရန်ဒုံးကျည်တွေလည်း ပါဝင်တယ်လို့ သိရပါတယ်။

**Ref: RT**

## အီရန်နဲ့အမေရိကန်တို့ကြား တွေ့ဆုံဆွေးနွေးရေးမှာ မဖြစ်နိုင်သေးဟု အီရန်ပြော

**တီဟီရန်၊ နိုင်ငံရေး**

အီရန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ကြား တွေ့ဆုံဆွေးနွေးမှုများ ပြန်လုပ်ဆောင်နိုင်ရေးမှာ မဖြစ်နိုင်သေးကြောင်း၊ အဓိကက အမေရိကန်အနေနဲ့ နှစ်နိုင်ငံကြားသဘောတူပြီးလက်မှတ်ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာကို ချိုးဖောက်ခြင်းကြောင့်ဖြစ်တယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီက ဩဂုတ်လ ၉ ရက်မှာ ပြောပါတယ်။

လက်ရှိအချိန်မှာ ကြားဝင်စေ့စပ်ပေးနေသူများကနေတစ်ဆင့် ပြောချင်တဲ့သတင်းစကားများကို အပြန်အလှန်ပေးပို့နေပေမယ့်လည်း ဒါဟာ အီရန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ကြား ဆွေးနွေးမှုလုပ်နေတယ်လို့မဆိုနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များနဲ့တွေ့ဆုံစဉ်ပြောထားတာပါ။ ဒ့ါအပြင် အမေရိကန်အနေနဲ့ နားလည်မှုစာချွန်လွှာအပေါ်ချိုးဖောက်မှုကို မရပ်တန့်သမျှ နှစ်နိုင်ငံကြားဆွေးနွေးပွဲမရှိလာနိုင်ကြောင်း ဝန်ကြီးက ထပ်လောင်းပြောထားပါတယ်။ **Ref: Xinhua**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဲခေါင်မြစ်ရေ မြင့်တက်နိုင်ခြေရှိ


**ဘန်ကောက်၊ ရာသီဥတု**

ဒေသတွင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုဆက်လက်ဖြစ်ပွားနေဆဲဖြစ်တဲ့အတွက် မဲခေါင်မြစ်ရေမြင့်တက်လာနိုင်ပြီး တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသတွေမှာပါ ရေကြီးမှုတွေဖြစ်ပွားနိုင်တယ်လို့ ထိုင်းနိုင်ငံ မြစ်ရေအခြေအနေစောင့်ကြည့်ရေးအဖွဲ့က ဩဂုတ်လ ၉ ရက်မှာထုတ်ပြန်ထားပါတယ်။

ဒ့ါအပြင် ဩဂုတ်လ ၉ ရက်မှ ၁၁ ရက်အထိ အထက်ဘက်မှာ မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်တာဖြစ်တဲ့အတွက်မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဒေသများမှာနေထိုင်သူများဟာ သတိနဲ့နေထိုင်ကြဖို့လိုအပ်ကြောင်းနဲ့ မိုးကြီးနေတဲ့ကာလအတွင်း ရုတ်တရက်ရေကြီးမှုတွေလည်း ဖြစ်ပွားနိုင်တယ်လို့ ထုတ်ပြန်ချက်မှာ ဆက်လက်ဖော်ပြထားပါတယ်။


မဲခေါင်မြစ်ရေဟာ ၁ မီတာမှ ၁ ဒသမ ၅ မီတာအထိ ဆက်လက်မြင့်တက်လာနိုင်တာကြောင့် သဘာဝဘေးလျော့ပါးရေးနဲ့ ကာကွယ်ရေးဌာနက အဲဒီမြစ်နဲ့ဆက်စပ်လျက်ရှိတဲ့ပြည်နယ်ရှစ်ခုမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များကို ထုတ်ပြန်ထားပါတယ်။ အဲဒီသတိပေးချက်တွေထဲမှာ မြစ်ရေကြီးပြီးရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းတို့ ဖြစ်ပွားနိုင်ကြောင်း ဖော်ပြထားပါတယ်။

**Ref: TN**



# အမေရိကန်က မောင်းသူမဲ့ရေယာဉ်ကို ပိုမိုအားကိုးလာ

အမေရိကန်ရေတပ်အနေနဲ့ သူတို့ရဲ့ စစ်သင်္ဘောတည်ဆောက်ရေး မဟာဗျူဟာကို အပြောင်းအလဲကြီးပြုလုပ်လာနေတာတွေ့ရပါတယ်။ အခိုကကတော့ လူမပါဘဲ အလိုအလျောက်မောင်းနှင်နိုင်တဲ့ မောင်းသူမဲ့ရေယာဉ်တွေကို ပိုမိုရွေးချယ်အသုံးပြုလာနေတာပါ။ ပင်လယ်နက်အတွင်းဖြစ်ပွားတဲ့စစ်ပွဲတွေမှာ ယူကရိန်းက မောင်းသူမဲ့ရေယာဉ်များရဲ့စွမ်းဆောင်ရည်ကိုသက်သေပြနိုင်ပြီးနောက်ပိုင်း အမေရိကန်ရေတပ်ဟာ ဒေါ်လာ ဘီလီယံပေါင်းများစွာတန်ကြေးရှိတဲ့ သမားရိုးကျသင်္ဘောကြီးတွေအပေါ်မှာ လုံးလုံးလျားလျား မှီခိုနေရမှုကို လျှော့ချလိုက်တာဖြစ်ပါတယ်။ အဲဒီအစား အလိုအလျောက်စနစ်နဲ့ မောင်းနှင်နိုင်တဲ့ Ghost Fleet သို့မဟုတ် တာဝေးသွား ဒရုန်းသင်္ဘောကွန်ရက်ကို ပိုမိုတိုးမြှင့်ရွေးချယ်ခဲ့တာပါ။



အခုရွေးချယ်တဲ့ မောင်းသူမဲ့ရေယာဉ်တွေဟာ ရေကြောင်းကင်းလှည့်တာမျိုး၊ သတင်းအချက်အလက်စုဆောင်းတာမျိုး၊ စားနပ်ရိက္ခာနဲ့ လက်နက်ထောက်ပံ့တာမျိုးတွေအပြင် ရေတပ်ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကိုပါ စစ်သည်တွေကိုအန္တရာယ်မရှိစေဘဲပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကုန်ကျစရိတ် ပိုမိုသက်သာရုံတင်မကဘဲ နည်းပညာမြင့်မားတဲ့ ရေတပ်အင်အားကို ပမာဏမြောက်မြားစွာနဲ့ မြန်မြန်ဆန်ဆန်တိုးမြှင့်နိုင်ဖို့လည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# Mercedes-AMG က လျှပ်စစ်ပြိုင်ကားစီးရီးမှာ အနိမ့်ဆုံးကားကိုမိတ်ဆက်

Mercedes–AMG ကုမ္ပဏီက သူတို့ရဲ့ အထက်တန်းစား လျှပ်စစ်ပြိုင်ကားစီးရီး အသစ်ထဲမှာ အခြေခံအနိမ့်ဆုံးကားဖြစ်တဲ့ AMG GT 53 ကို တရားဝင်မိတ်ဆက်လိုက်ပါတယ်။ ဒီနှစ်အစောပိုင်းက ထွက်ထားတဲ့ မြင်းကောင်ရေ ၁၀၀၀ ကျော်ပါ GT 63 နဲ့ GT 55 မော်ဒယ်များရဲ့ အောက်မှာတည်ရှိပြီး အနိမ့်ဆုံးမော်ဒယ်ဖြစ်နေသော်လည်း စွမ်းဆောင်ရည်အသင့်အတင့်နဲ့ ခရီးဝေးပိုမိုမောင်းနှင်နိုင်မှုကို ဦးစားပေးဖန်တီးထားတာဖြစ်ပါတယ်။

ရှေ့နဲ့နောက် မော်တာနှစ်လုံးတပ်စနစ်ပြောင်းလဲအသုံးပြုထားပြီး မြင်းကောင်ရေ ၅၃၆ ကောင်အားထွက်ရှိပါတယ်။ မော်တာအားကိုလျှော့ချလိုက်ခြင်းကြောင့် စွမ်းအင်သုံးစွဲမှု နည်းပါးသွားကာ 106 kWh ဘက်ထရီနဲ့ တစ်ကြိမ်အားသွင်းရုံဖြင့် မိုင် ၃၀၀ ကျော်အထိ ခရီးသွားနိုင်မှာဖြစ်ပြီး အဆင့်မြင့်မော်ဒယ်များထက် ခရီးမိုင်ပိုမိုဝေးကွာစွာသွားနိုင်ပါတယ်။ ဒါ့အပြင် 600 kW အမြန်အားသွင်းစနစ် ပါဝင်တာကြောင့် ၁၀ မိနစ်ခန့်အားသွင်းရုံနဲ့ မိုင် ၃၃၀ ကျော် ခရီးသွားနိုင်မှာဖြစ်ပြီး ၁၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ အားသွင်းရန် ၁၁ မိနစ်သာ ကြာမြင့်မှာဖြစ်ပါတယ်။

သူ့မှာ အင်ဂျင်သံကို အတုပြုလုပ်ပေးနိုင်တဲ့စနစ်ပါဝင်ပြီး စတီယာရင်မှာ ဂီယာအကူးအပြောင်းခံစားချက်ရစေမယ့် Shift Paddles များလည်း တပ်ဆင်ထားပါတယ်။ သူ့ကို ယူရို ၁၁၅၄၃၀ နဲ့စတင်ရောင်းချမှာဖြစ်ပါတယ်။ **Ref: EA**


**ကိုထက်**

# လေဖြတ်လူနာကို မိနစ်ပိုင်းအတွင်း အသက်ကယ်မယ့်စက်ရုပ်

လေဖြတ်လူနာကို မိနစ်ပိုင်းအတွင်းမှာပင်အသက်ကယ်နိုင်စေမယ့် AI နည်းပညာသုံးစက်ရုပ်နဲ့ကုသမှုနည်းပညာဟာ မကြာခင်မှာ ထွက်ပေါ်လာတော့မှာဖြစ်ပါတယ်။ လေဖြတ်ရောဂါဖြစ်ရင် တစ်စက္ကန့်စီတိုင်းဟာ အသက်နဲ့အမျှအရေးကြီးတာကြောင့် ဆေးရုံကြီးတွေနဲ့အလှမ်းဝေးတဲ့ လူနာတွေအနေနဲ့ အထူးကုဆရာဝန်ကြီးတွေဆီ လာရောက်စောင့်ဆိုင်းစရာမလိုဘဲ ဒေသဆေးရုံတွေမှာတင် အမြန်ဆုံးကုသမှုရရှိနိုင်ဖို့ အမေရိကန်ကျန်းမာရေးဝန်ကြီးဌာနက ရည်ရွယ်ထားတာဖြစ်ပါတယ်။

ဒီစက်ရုပ်က အလိုအလျောက်ထိန်းချုပ်စနစ်နဲ့ သွေးကြောအတွင်း သွားလာနိုင်တဲ့စနစ်တွေကို ခေတ်မီစွာပေါင်းစပ်ဖန်တီးထားတာပါ။ AI က ကွန်ပျူတာဓာတ်မှန်နဲ့ သွေးကြောပုံရိပ်ကို တိုက်ရိုက်ရုပ်သံစနစ်တွေကနေတစ်ဆင့် ဦးနှောက်အတွင်း ရှုပ်ထွေးတဲ့ သွေးကြောကွန်ရက်တွေကို အချိန်နဲ့တစ်ပြေးညီ 3D ပုံဖော်ကာ သွေးခဲရှိရာဆီ အမှားအယွင်းမရှိဘဲ လမ်းကြောင်းရှာပြီးလမ်းညွှန်မောင်းနှင်ပေးပါတယ်။ အဲဒီနောက်သွေးကြောနံရံတွေကို ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်စက်ရုပ်လက်တံငယ်တွေနဲ့ တိတိကျကျထိန်းချုပ်ကာ သွေးခဲဆီရောက်သွားတဲ့အခါ အထူးပြုလုပ်ထားတဲ့ စုပ်ယူစနစ် ဒါမှမဟုတ် သွေးခဲဖမ်းယူစနစ်တို့သုံးပြီး ပိတ်ဆို့နေတဲ့သွေးခဲကို အမြန်ဆုံးဖယ်ရှားပေးပါတယ်။ ဒီနည်းပညာကြောင့် အချိန်များစွာပေးရတဲ့ ခွဲစိတ်မှုဟာ မိနစ်ပိုင်းနဲ့တင်ပြီးစီးသွားတော့မှာဖြစ်တယ်လို့ သိရပါတယ်။ **Ref: IE**

**ကိုထက်**



# iPhone အသစ်ရဲ့အချက်အလက်များ Caviar မှာထွက်ပေါ်လာ

တရားဝင်မိတ်ဆက်ရခြင်းမရှိသေးတဲ့ Apple ရဲ့ iPhone 18 Pro စီးရီးနဲ့ ပထမဆုံး ခေါက်ဖုန်းအမျိုးအစားဖြစ်တဲ့ iPhone Ultra တို့ရဲ့ အသေးစိတ်အချက်အလက်တွေက ဆန်းသစ်တဲ့ဒီဇိုင်းတွေနဲ့ ဇိမ်ခံဖုန်းတွေကို ပြုပြင်မွမ်းမံရောင်းချလေ့ရှိတဲ့ ရုရှားအခြေစိုက် Caviar ကုမ္ပဏီဆီကနေထွက်ပေါ်လာပါတယ်။ သူတို့ဆီကထွက်ပေါ်လာမှုအရ Apple ရဲ့ကုန်ပစ္စည်းအသစ်မိတ်ဆက်ပွဲကို စက်တင်ဘာလ ၉ ရက်မှာ ကျင်းပသွားမယ်လို့သိရပါတယ်။

ဒါ့အပြင် သူ့ဆီကနေထွက်ပေါ်လာတဲ့ အချက်အလက်တွေအရ iPhone 18 Pro နဲ့ Pro Max မှာဆိုရင် Dynamic Island ရဲ့ အရွယ်အစား ပိုမိုသေးငယ်သွားပါမယ်။ 2nm နည်းပညာသုံး A20 Pro Chip ကို အသုံးပြုထားပြီး ကင်မရာမှာ Aperture ပြောင်းလဲနိုင်တဲ့စနစ်ပါဝင်လာပါမယ်။ ပထမဆုံး ခေါက်ဖုန်းအမျိုးအစား iPhone Ultra ကို တိုက်တေနီယံကိုယ်ထည်နဲ့ပြုလုပ်ထားပြီး ပတ္တာအပိုင်းကို Liquid Metal နည်းပညာနဲ့ စီမံထားတာကြောင့် ဖုန်းခေါက်ထားချိန်မှာ ၉ မီလီမီတာနဲ့ ဖြန့်ထားချိန်မှာ ၄ ဒသမ ၉ မီလီမီတာသာထူမှာဖြစ်ပါတယ်။ ကင်မရာနှင့် စွမ်းဆောင်ရည်ပိုင်းမှာဆိုရင် နောက်ဘက်မှာ 48MP ကင်မရာနှစ်လုံးပါဝင်ပြီး ရှေ့ဘက်မှာတော့ ဖန်သားပြင်အောက်မြှုပ်ထားတဲ့ 24MP Selfie ကင်မရာပါဝင်လာမှာပါ။ **Ref:GA**

**ကိုထက်**



# နေ့စဉ်လုပ်ရှားဆောင်ရွက်မှု အချိန်မှန်ခြင်းက စိတ်ဓာတ်ကျဆင်းမှုကို သက်သာစေနိုင်

နေ့စဉ်မှန်မှန်ပြုလုပ်ပေးတဲ့အလေ့အထတစ်ခုဟာ ခန္ဓာကိုယ်ရဲ့နာကျင်ကိုက်ခဲမှုများနဲ့ စိတ်ဓာတ်ကျဆင်းမှုများကို သက်သာစေနိုင်ကြောင်း မစ်ဆူရီတက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိပါတယ်။ အိပ်မပျော်သောရောဂါ ခံစားနေရသူများ တောင်မှနေ့စဉ်လုပ်ငန်းဆောင်တာများကို အချိန်မှန်မှန်ပြုလုပ်ပေးခြင်းက နာကျင်မှုခံစားရခြင်းနဲ့ စိတ်ဓာတ်ကျရောဂါ လက္ခဏာကို လျှော့ချပေးနိုင်တယ်လို့ သုတေသီများကဆိုထားပါတယ်။

သုတေသီများက အသက် ၆၈ နှစ်ဝန်းကျင်ရှိ လူကြီး ၆၇ ဦးကို ခုနစ်ရက်လေ့လာပြီး နေ့စဉ်ပြုလုပ်တဲ့ အဓိကအလေ့အထငါးခုဖြစ်တဲ့ အိပ်ရာထချိန်၊ ပထမဆုံးစကားပြောချိန်၊ အလုပ် သို့မဟုတ် အဓိကလုပ်ရှားမှုစတင်ချိန်၊ ညစာစားချိန်နဲ့ အိပ်ရာဝင်ချိန်တို့ကို တိုင်းတာခဲ့တာဖြစ်ပါတယ်။

ဒီတွေ့ရှိချက်အရ ပြောရမယ်ဆိုရင် နေ့စဉ်အိပ်ချိန်၊ အစားစားချိန်၊ အလုပ်လုပ်ချိန်၊ အပေါင်းအသင်းများနဲ့ ထိတွေ့ဆက်ဆံချိန်များကို ပုံမှန်သတ်မှတ်ထားခြင်းဖြင့် ခန္ဓာကိုယ်ရဲ့ဇီဝနာရီကို စနစ်တကျ တုံ့ပြန်စေနိုင်တာကြောင့် ဒီလိုသာမန်အလေ့အထတစ်ခုဟာ ရေရှည်ကျန်းမာရေးအတွက် များစွာအထောက်အကူပြုတယ်လို့ဆိုနိုင်ကြောင်း သုတေသီတစ်ဦးဖြစ်တဲ့ ထရေစီကပြောပါတယ်။ **Ref: STD**

**ကိုထက်**



# နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အာကာသနည်းပညာ

လူ့သမိုင်းကြောင်းတစ်လျှောက် လူသားတို့သည် သဘာဝတရား၏စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း တီထွင်ဖန်တီးနိုင်စွမ်းဖြင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ကြသည်။ ယနေ့ ၂၁ ရာစုသို့ ရောက်ရှိလာသောအခါ အာကာသနည်းပညာ (Space Technology) သည် သာမန်စူးစမ်းရှာဖွေမှုအဆင့်ကိုကျော်လွန်ကာ နိုင်ငံတိုင်း၏ အနာဂတ်ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် စီးပွားရေးတို့အတွက် မရှိမဖြစ် မဟာဗျူဟာမြောက်ကဏ္ဍတစ်ရပ်ဖြစ်လာပြီဖြစ်သည်။ စက်မှုတော်လှန်ရေးခေတ်များမှ ဒီဂျစ်တယ်ခေတ်သို့ ကူးပြောင်းလာသည့်အခါ အာကာသနည်းပညာသည် သိပ္ပံပညာရှင်တို့၏ အိပ်မက်တစ်ခုအဖြစ်သာမကတော့ဘဲ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများကို ခိုင်မာစေရန်နှင့် ပြည်သူတို့၏ နေ့စဉ် လူမှုစီးပွားဘဝများ မြှင့်တင်ရန် အဓိကမောင်းနှင်အားတစ်ခုဖြစ်လာကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုလာကြသည်။

အာကာသနည်းပညာဟူသည်မှာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တုများလွှတ်တင်ခြင်း၊ သတင်းအချက်အလက်များ ပေးပို့ခြင်းတို့တွင်သာမဟုတ်ဘဲ ရာသီဥတုခန့်မှန်းခြင်း၊ စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတစီမံခန့်ခွဲခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးချခြင်း စသည့် ကဏ္ဍပေါင်းစုံပါဝင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အာကာသနည်းပညာကို ထိရောက်စွာ လေ့လာဆည်းပူးအသုံးချနိုင်ခြင်းသည် စိုက်ပျိုးရေး၊ ဆက်သွယ်ရေးနှင့် ပညာရေးကဏ္ဍများတွင် မကြုံစဖူးတိုးတက်မှုများရရှိစေပြီး သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကိုလည်း အနည်းဆုံးလျှော့ချပေးနိုင်သည်။ ထို့ပြင် ခေတ်မီဆန်းသစ်သော ဤနည်းပညာသည် နိုင်ငံတော်၏ စိုက်ပျိုးရေးအကျိုးအမြတ်ကို မြှင့်တင်ပေးရုံသာမက အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးအတွက်လည်း သတင်းအချက်အလက်စိစစ်နိုင်စွမ်းကို တိုးတက်စေသည်။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားကိုဖော်ဆောင်ရာတွင် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ သုတေသနလုပ်ငန်းများ အားပေးမြှင့်တင်ခြင်းနှင့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းတို့ဖြင့်တည်ဆောက်ရမည့် မရှိမဖြစ်နည်းပညာဖြစ်ပါသည်။

**ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးနှင့် အာကာသနည်းပညာ၏အခန်းကဏ္ဍ**

အာကာသနည်းပညာသည် စက်မှုဇုန်များနှင့် လမ်းတံတားများ ဆောက်လုပ်ခြင်းကဲ့သို့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများနည်းတူ နိုင်ငံတစ်ခု၏ အမျိုးသားအဆင့်နည်းပညာ အခြေခံအဆောက်အအုံ (National Technological Infrastructure) ကို ခိုင်မာစေသည့် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်တွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် (Satellite Communication) သည် ဝေးလံခေါင်သီသောဒေသများ၊ တောင်ပေါ်ဒေသများနှင့် ကျွန်းစုဒေသများအထိ အင်တာနက်နှင့် ဖုန်းဆက်သွယ်ရေးကွန်ရက်များဖြန့်ကြက်နိုင်ရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ၎င်းသည် ဒေသတွင်းပညာရေးစနစ်တွင် သတင်းအချက်အလက်များ ရယူနိုင်မှုကိုလွယ်ကူစေပြီး အွန်လိုင်းမှတစ်ဆင့် ဝေးလံသောဒေသများသို့ ပညာသင်ကြားပေးနိုင်သည့် တယ်လီပညာရေး (Tele-Education) နှင့် ဆရာဝန်ရှားပါးသောဒေသများသို့ အဝေးမှကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် တယ်လီကျန်းမာရေးစနစ် (Tele-medicine) တို့ကို အကောင်အထည်ဖော်ရာတွင် အခြေခံအုတ်မြစ်ဖြစ်လာသည်။

**စိုက်ပျိုးရေးနှင့် သယံဇာတစီမံခန့်ခွဲမှု**

စိုက်ပျိုးရေးကိုအခြေခံသော သို့မဟုတ် သဘာဝသယံဇာတကြွယ်ဝသောနိုင်ငံများအတွက် အာကာသမှပေးပို့သော ဂြိုဟ်တုအချက်အလက်များသည် မရှိမဖြစ်အရေးပါသည်။ ဂြိုဟ်တုများမှတစ်ဆင့် မြေဆီလွှာ၏ စိုထိုင်းဆ၊ သီးနှံများ၏ ဖြစ်ထွန်းမှုအခြေအနေ၊ ဖျက်ပိုးကျရောက်နိုင်ခြေနှင့် မြေအသုံးချမှုတို့ကို အချိန်နှင့်တစ်ပြေးညီ ပုံရိပ်ဖမ်းယူတိုင်းတာနိုင်သည်။ ထိုမှရရှိသော အချက်အလက်များကိုအသုံးပြု၍ တောင်သူလယ်သမားများအား ရေသွင်းရေထုတ်စနစ်နှင့် မြေသြဇာအသုံးပြုမှုတို့ကို အတိအကျအကြံပြုနိုင်သဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုစွမ်းအားကို သိသိသာသာ တိုးတက်စေသည်။ ထို့ပြင် သစ်တောပြုန်းတီးမှုအခြေအနေများ၊ တရားမဝင်သစ်ခုတ်မှုများနှင့် သတ္တုတူးဖော်မှုများကို အာကာသမှတစ်ဆင့် စောင့်ကြည့်လေ့လာနိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေရှည်တည်တံ့ရေးတို့အတွက် ကြီးမားသောအထောက်အကူကို ရရှိစေသည်။

**သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ပြည်သူ့လုံခြုံရေး**

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများနှင့်အတူ မုန်တိုင်းကျရောက်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် တောမီးလောင်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်းတွင် ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိသည်။ မိုးလေဝသဂြိုဟ်တုများမှတစ်ဆင့် မုန်တိုင်းလမ်းကြောင်းနှင့် မိုးလေဝသအခြေအနေများကို ကြိုတင်ခန့်မှန်းနိုင်ခြင်းသည် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်ရွှေ့ပြောင်းနိုင်သော အကျိုးကျေးဇူးကိုရရှိစေသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင်လည်း မြေပြင်ဆက်သွယ်ရေးကွန်ရက်များ ပျက်စီးသွားပါက ဂြိုဟ်တုဆက်သွယ်ရေးသည် ကယ်ဆယ်ရေးအဖွဲ့များအတွက် တစ်ခုတည်းသော အားကိုးရာဖြစ်လာပြီး ဘေးသင့်ဧရိယာများကို အာကာသမှ ပုံရိပ်ဖမ်းယူကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်သည်။

**အမျိုးသားလုံခြုံရေးနှင့် နယ်စပ်ဒေသစောင့်ကြည့်ရေး**

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်ဒေသများ၊ ကမ်းရိုးတန်းများနှင့် သီးသန့်စီးပွားရေးဇုန်တို့ကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးနိုင်ရန် လိုအပ်ပါသည်။ ဂြိုဟ်တုနည်းပညာသည် မြေပြင်၊ ရေပြင်နှင့် လေကြောင်းဆိုင်ရာ သတင်းအချက်အလက်များကို ဘေးကင်းလုံခြုံစွာနှင့် အချိန်နှင့်တစ်ပြေးညီရယူပေးနိုင်သဖြင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများ၊ မှောင်ခိုကုန်ကူးမှုများနှင့် ပင်လယ်ပြင်တရားမဝင်ငါးဖမ်းမှုများကို ဟန့်တားရာတွင် ထောက်လှမ်းရေးဆိုင်ရာ အားသာချက်ကိုရရှိစေသည်။

**သုတေသနနှင့် နည်းပညာမြှင့်တင်မှု**

အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသော သုတေသနများနှင့် ထုတ်လုပ်မှုများသည် အာကာသကဏ္ဍတစ်ခုတည်းတွင် ရပ်တန့်မနေဘဲ ကွန်ပျူတာနည်းပညာ၊ အီလက်ထရွန်နစ်နည်းပညာ၊ စက်ရုပ်နည်းပညာ (Robotics)နှင့် Material Science တို့၏ တိုးတက်မှုကိုပါ အထောက်အကူပြုသည်။ အာကာသနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခြင်းသည် တက္ကသိုလ်များနှင့် သုတေသနဗဟိုဌာနများ၏ အဆင့်အတန်းကို မြှင့်တင်ပေးရုံသာမက အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိတ်ပါဝင်စားမှုကိုလည်း ပိုမိုနိုးကြားစေမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အာကာသသိပ္ပံနည်းပညာများဖြင့် နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကျိုးပြုနိုင်ရန် ဆက်လက်အားထုတ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများမြင့်မားရေးကိုရေးရှု၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့အလယ်တွင် အာကာသနည်းပညာဆိုင်ရာ၌ ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့်လက်တွေ့သရုပ်ပြခြင်းနှင့်ပတ်သက်၍ သုံးသပ်လမ်းညွှန်အမှာစကားပြောကြားရာတွင် **“မိမိတို့နိုင်ငံ၏ အာကာသနည်းပညာ မြင့်မားတိုးတက်လာစေရေးအတွက် မိမိအနေဖြင့် နိုင်ငံတော်၏ ရေရှည်အကျိုးကိုကြည့်၍ ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အာကာသနည်းပညာများတိုးတက်လာခြင်းဖြင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယနေ့ သုတေသနပြခန်းများအတွင်းပြသထားသည့်လေ့လာဆန်းစစ်မှုများသည်လည်း နိုင်ငံ၏အကျိုးစီးပွားအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အာကာသအတွင်းသို့ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့်အသိပညာ၊ နည်းပညာနှင့် အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို အောင်မြင်အောင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း”** ကို ဇူလိုင်လ ၂၇ ရက်က လမ်းညွှန်မှာကြားခဲ့ပါသည်။

ထိုသို့ သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်ကြောင့် လက်ရှိအခြေအနေတွင် မြန်မာအာကာသအေဂျင်စီ (MSA) ကို စနစ်တကျဖွဲ့စည်း၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ ပထမဆုံးသော အာကာသယာဉ်မှူး တာဝန်ထမ်းဆောင်ရန်အတွက် အာကာသယာဉ်မှူးလောင်းများကိုပင် ပဏာမရွေးချယ်ထားနိုင်ပြီဖြစ်သည်။ အဆိုပါအာကာသယာဉ်မှူးလောင်းများကို အဆင့်ဆင့်သောစိစစ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဆုံးတွင် နိုင်ငံတော်အတွက် ပထမဆုံးသော အာကာသယာဉ်မှူးများ ရွေးချယ်ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ဆိုရသော် အာကာသနည်းပညာသည် သာမန်အားဖြင့် ဝေးကွာလှသည်ဟု ထင်မှတ်ရသော်လည်း ဒေသတွင်းစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စသည့် နိုင်ငံသားတို့၏ နေ့စဉ်လူမှုစီးပွားဘဝတစ်ခုလုံးတွင် သက်ရောက်မှုရှိနေသည့် မဟာဗျူဟာမြောက်နည်းပညာတစ်ရပ်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် အာကာသနည်းပညာကို ရင်းနှီးမြှုပ်နှံ၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် ခေတ်မီဆန်းသစ်သော နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ခိုင်မာသောအုတ်မြစ်တစ်ခုကို ချမှတ်လိုက်ခြင်းပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏အနာဂတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ဘဝလုံခြုံစိတ်ချရေးတို့အတွက် အာကာသနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်ခြင်း၊ ပြည်တွင်းသုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ခြင်းတို့ဖြင့် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုလမ်းကြောင်းပေါ်သို့ အရောက်လှမ်းကာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အစဉ်တစိုက်ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုဘုန်း**

**အာကာသနည်းပညာဟူသည်မှာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တုများလွှတ်တင်ခြင်း၊ သတင်းအချက်အလက်များပေးပို့ခြင်းတို့တွင်သာမဟုတ်ဘဲ ရာသီဥတုခန့်မှန်းခြင်း၊ စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတစီမံခန့်ခွဲခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးချခြင်း စသည့် ကဏ္ဍပေါင်းစုံပါဝင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အာကာသနည်းပညာကို ထိရောက်စွာ လေ့လာဆည်းပူးအသုံးချနိုင်ခြင်းသည် စိုက်ပျိုးရေး၊ ဆက်သွယ်ရေးနှင့် ပညာရေးကဏ္ဍများတွင် မကြုံစဖူးတိုးတက်မှုများရရှိစေပြီး သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကိုလည်း အနည်းဆုံးလျှော့ချပေးနိုင်သည်။ ထို့ပြင် ခေတ်မီဆန်းသစ်သော ဤနည်းပညာသည် နိုင်ငံတော်၏ စိုက်ပျိုးရေးအကျိုးအမြတ်ကို မြှင့်တင်ပေးရုံသာမက အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နယ်စပ်ဒေသလုံခြုံရေးအတွက်လည်း သတင်းအချက်အလက်စိစစ်နိုင်စွမ်းကို တိုးတက်စေ . . .**


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
" စိတ်ချရတာ မြဝတီဘဏ် "
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED


ကျန်းမာသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပိန်းဥကေ ၁၅၀ ကျော် စိုက်ပျိုးထား

ပွင့်ဖြူ ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပိန်းဥကေ ၁၅၀ ကျော် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပိန်းဥ ၂၆၈ ကေ စိုက်ပျိုးရန် လျာထားပြီး ဇွန်လတတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပိန်းဥ ၂၆၈ ကေ လျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ၁၅၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းကောင်းမွန်အောင် ရေမြေဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။


ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပိန်းဥကို အားထားစိုက်ပျိုးကြကြောင်း၊ ပိန်းဥသည် စိုက်ပျိုးပြီး ခြောက်လခန့်ကြာပါက ရောင်းတမ်းဝင်၍ တူးဖော်ရောင်းချနိုင်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ပိန်းဥစိုက်ပျိုးခြင်းကို သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိကျေးရွာများ၌ စီးပွားဖြစ်စိုက်ပျိုးကြသည်။

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ရာသီအလိုက်စိုက်ပျိုးသောသီးနှံများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကျောက်ဆည်(လွန်ကျော်) | ၃၆°C |
| မြင်းမူ | ၃၅.၇°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၅.၅°C |
| သာစည်(လှိုင်းတက်) | ၃၄.၅°C |
| ချောက် | ၃၄.၁°C |
| ဆင်ဖြူကျွန်း | ၃၄.၁°C |
| ကျောက်ဆည် | ၃၄°C |
| စစ်ကိုင်း | ၃၃.၇°C |
| ညောင်ဦး | ၃၃.၅°C |
| ရမည်းသင်း | ၃၃.၅°C |
| တောင်တွင်းကြီး | ၃၃.၅°C |
| ပူတာအို | ၃၃.၅°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| သပိတ်ကျင်း | (၄.၆၅)လက်မ |
| ကသာ | (၃.၈၆)လက်မ |
| မော်လိုက် | (၃.၇၇)လက်မ |
| ရေး | (၃.၀၄)လက်မ |
| ပေါင် | (၂.၈၄)လက်မ |
| ဖောင်းပြင် | (၂.၆၈)လက်မ |
| မော်လမြိုင် | (၂.၆၀)လက်မ |
| ဘီးလင်း | (၂.၅၃)လက်မ |
| ထားဝယ် | (၂.၄၈)လက်မ |
| မုဒုံ | (၂.၄၈)လက်မ |
| ရေဦး | (၂.၂၄)လက်မ |
| သထုံ | (၂.၂၄)လက်မ |
| ချောင်းဆုံ | (၂.၂၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၄ |
| ရှမ်း(မြောက်) | ၂၃ | ၂၇ |
| ရှမ်း(အရှေ့) | ၂၀ | ၂၉ |
| ရှမ်း(တောင်) | ၁၇ | ၂၆ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၃ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၁ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၅ | ၃၃ |
| ရခိုင် | ၂၄ | ၃၁ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၆ | ၃၃ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၁ |
| မွန် | ၂၃ | ၃၂ |
| တနင်္သာရီ | ၂၄ | ၃၀ |

## ဖျာပုံမြို့နယ် ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မိသားစုဝင်ငွေတိုးပွားလာစေရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖျာပုံ ဩဂုတ် ၉

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖျာပုံမြို့နယ် ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို ဩဂုတ်လ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်၊ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရှမ်းကွင်းခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအား တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရေး ကြိုးစားဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၀ ဦးအတွက် ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

တေဇာလင်း

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

သံဖြူဇရပ် ဩဂုတ် ၉

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ထွန်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှမင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်တို့က ယခင်က ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အခြေအနေများနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝနှင့် တိုက်ရိုက်ဆက်စပ်နေသည့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖော်ဆောင်ရေးနှင့် ကျေးရွာကုန်ထုတ်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် လုပ်ငန်းလျာထားမှုအခြေအနေများကို အလေးထားဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တွေ့ကြုံနိုင်သည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

## ကန်ကြီးထောင့်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် World Visoin တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၉ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဇေယျက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် စံပြမိခင်များကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး အသက်ငါးနှစ်အောက်ကလေးငယ်များကို ဗီတာမင်-A ဆေးများ တိုက်ကျွေးကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

# ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စပိန်စူပါဖလားဗိုလ်လုပွဲကို ဖေဖော်ဝါရီလအတွင်း တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပမည်

**မက်ဒရစ် ဩဂုတ် ၉**

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စပိန်စူပါဖလားဗိုလ်လုပွဲကို ပြည်ပနိုင်ငံ၌သွားရောက်ကျင်းပရန်ဆုံးဖြတ်ထားပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အစောပိုင်းက စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က စပိန်စူပါဖလားပြိုင်ပွဲကို ပြည်တွင်း၌သာ ကျင်းပခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ပရိုမိုးရှင်းဆင်းသည့်အနေဖြင့် စပိန်စူပါဖလားပြိုင်ပွဲကို ပြည်ပနိုင်ငံများ၌သွားရောက်ကျင်းပခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၅ - ၂၀၂၆ ဘောလုံးရာသီ စပိန်စူပါဖလားပြိုင်ပွဲကို ဆော်ဒီနိုင်ငံ၌ သွားရောက်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စပိန်စူပါဖလားပြိုင်ပွဲကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပရန် ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် သဘောတူညီမှုရရှိခဲ့သည့်အတွက် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဥရောပဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများကိုလည်း တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပလေ့ရှိပြီး ယခုအခါတွင်လည်း စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပရိုမိုးရှင်းဆင်းသည့်အနေဖြင့် အစ္စတန်ဘူလ်မြို့၌ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:Fabrizio Romano*



# ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၁၉ ခုနှစ်နောက်ပိုင်း ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို သန်း ၂၀၀ ကျော်အထိအသုံးပြု

**မက်ဒရစ် ဩဂုတ် ၉**

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လိုက်ပဖစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဒီယိုမန်ဒီအားမြင့်မားသောပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၁၄၄ သန်းဖြင့် ခေါ်ယူပြီးနောက် ၂၀၁၉ ခုနှစ်နောက်ပိုင်း နွေရာသီကစားသမားအပြောင်းအရွှေ့ကာလများထက် ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရိုသန်း ၂၀၀ ကျော်အထိ အသုံးပြုလာခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၉ ခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးအသုံးစရိတ်ယူရို သန်း ၂၀၀ ကျော် အသုံးပြုခဲ့ပြီး နောက်ပိုင်း နွေရာသီကစားသမားအပြောင်းအရွှေ့ကာလလများတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် အနည်းငယ်သာအသုံးပြုခဲ့ပြီး အမ်ဘာတ်ပီကဲ့သို့ ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူခဲ့ရာတွင်လည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းသည် နှစ်ရာသီဆက်ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံခဲ့ရပြီးနောက် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကိုကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်နေပြီး နည်းပြသစ်အဖြစ် မော်ရင်ဟိုအားခန့်အပ်ပြီးနောက် ကစားသမားသစ်များလည်း ခေါ်ယူအင်အားဖြည့်တင်းထားကာ ပြောင်းရွှေ့ကြေးကိုလည်း ယူရို သန်း ၂၀၀ ကျော်အထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ ဘာနာဒိုဆေးဗားလ်နှင့် လီဗာပူးအသင်းမှ ကွန်နာတေးတို့ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သော်လည်း ဒီယိုမန်ဒီအတွက် ပြောင်းရွှေ့ကြေးယူရို ၁၄၄ သန်း၊ ချယ်လ်ဆီးအသင်းမှ ကူကူရယ်လာအတွက် ပြောင်းရွှေ့ကြေးယူရို သန်း ၆၀ နှင့် အင်တာမီလန်အသင်းမှ ဒမ်းဖရိုက်အတွက် ပြောင်းရွှေ့ကြေးယူရို ၂၆ သန်းအသုံးပြုခဲ့ပြီးနောက် စုစုပေါင်း ပြောင်းရွှေ့ကြေးယူရို သန်း ၂၀၀ ကျော်ဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref:Transfermarket*

# မက်ဆီ၏အေးဂျင့်အဖြစ် တာဝန်ယူနေသည့် ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီကွယ်လွန်

**ဗျူနိုအေးရိစ် ဩဂုတ် ၉**

လက်ရှိအာဂျင်တီးနားအသင်းနှင့် အင်တာမိုင်ယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီ၏ အေးဂျင့်အဖြစ်တာဝန်ယူနေသည့် အသက် ၆၈ နှစ်အရွယ် ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီသည် ကာလရှည်ကြာကျန်းမာရေးမကောင်းဖြစ်ခဲ့ရာမှ မက်ဆီ၏မွေးရပ်ဇာတိဖြစ်သည့် ရိုဆာရီယိုမြို့ရှိဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဩဂုတ်လ ၈ ရက်က ကွယ်လွန်ခဲ့ကြောင်း သိရသည်။

မက်ဆီကိုယ်တိုင်က ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကတည်းက ၎င်း၏ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီအနေဖြင့် ကျန်းမာရေးကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသည့်အတွက် ပြိုင်ပွဲအပေါ် အပြည့်အဝအာရုံစိုက်နိုင်ခြင်းမရှိခဲ့ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။



*Ref:B/R Football*

# နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

❍ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းမှ တိုက်စစ်ကစားသမား ဖာရန်တောရက်စ်အား ကာလရှည်စာချုပ်ဖြင့်ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ပြီး ဖာရန်တောရက်စ်ကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ဘာစီလိုနာအသင်းထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

❍ နာပိုလီအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသည့်ဝါရင့်တိုက်စစ်ကစားသမား လူကာကူအား တူကီယဲထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ဖီနာဘာချီအသင်းက ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

❍ အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား ဂူမာရေးအား ပြောင်းရွှေ့ကြေးယူရို ၇၅သန်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

❍ လီဗာပူးအသင်းက လိုအပ်ချက်များရှိနေသည့် အသင်းဗဟိုကွင်းလယ်ပိုင်းအတွက် ဘာစီလိုနာအသင်းမှ အာရှူဂျိုအား ပြောင်းရွှေ့ကြေးယူရို ၅၅ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

❍ မန်စီးတီးအသင်းက လိုင်လီအသင်းမှ ကွင်းလယ်ကစားသမား ဘူအာဒီအားခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

# မန်စီးတီးအသင်းနည်းပြသစ် မာရက်စ်ကာက နည်းပြဟောင်းဂွါဒီယိုလာ၏ အသင်းခေါင်းဆောင်ရွေးချယ်သည့်စနစ်ကိုဖျက်သိမ်းပြီး ခေါင်းဆောင်သစ်ရွေးချယ်မည်

**မန်ချက်စတာ ဩဂုတ် ၉**

မန်စီးတီးအသင်းနည်းပြသစ် မာရက်စ်ကာက အသင်းနည်းပြဟောင်း ဂွါဒီယိုလာ၏အသင်းခေါင်းဆောင်ရွေးချယ်သည့်စနစ်ကို ဖျက်သိမ်းပြီး စနစ်သစ်ဖြင့် အသင်းခေါင်းဆောင်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းတွင် နည်းပြဟောင်း ဂွါဒီယိုလာတာဝန်ယူကိုင်တွယ်ခဲ့စဉ်က အသင်းခေါင်းဆောင်ရွေးချယ်ရာတွင် အသင်းမှကစားသမားများ၏ ဆန္ဒမဲဖြင့် ပထမအသင်းခေါင်းဆောင်၊ ဒုတိယအသင်းခေါင်းဆောင်နှင့် တတိယအသင်းခေါင်းဆောင်စသည့် အသင်းခေါင်းဆောင်ကစားသမားသုံးဦး ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။

မန်စီးတီးအသင်းနည်းပြဟောင်း ဂွါဒီယိုလာလက်ထက်၌ အသင်းကစားသမားများ၏ဆန္ဒမဲဖြင့် အသင်းခေါင်းဆောင်ရွေးချယ်ရာတွင် ဖာနန်ဒင်ဟို၊ ဂမ်ဒိုဂန်၊ ဒီဘရိုင်း၊ ဘာနာဒိုဆေးဗား၊ ရိုဒရီစသည့်ကစားသမားများကို အသင်းခေါင်းဆောင်များအဖြစ် အဆင့်ဆင့်ပြောင်းလဲခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိမန်စီးတီးအသင်းနည်းပြသစ် မာရက်စ်ကာက နည်းပြဟောင်း၏ အသင်းခေါင်းဆောင်ရွေးချယ်သည့်စနစ်ကိုဖျက်သိမ်းပြီး ကစားသမားများ၏ဆန္ဒမဲဖြင့် အသင်းခေါင်းဆောင်ရွေးချယ်တော့မည်မဟုတ်ဘဲ ၎င်းစိတ်ကြိုက်ကစားသမားကို အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

မန်စီးတီးအသင်းတွင် ပြီးခဲ့သည့်ဘောလုံးရာသီက ပထမအသင်းခေါင်းဆောင်အဖြစ် ရိုဒရီ၊ ဒုတိယ အသင်းခေါင်းဆောင်အဖြစ် ဒီယက်နှင့် တတိယအသင်းခေါင်းဆောင်အဖြစ် ဟာလန်းတို့ကို ရွေးချယ်ထားသော်လည်း ယခုအခါ နည်းပြမာရက်စ်ကာက လာမည့်ဘောလုံးရာသီသစ်အတွက် အသင်းခေါင်းဆောင်သစ်ရွေးချယ်သွားမည်ဖြစ်ပြီး အင်္ဂလန်အသင်းကစားသမားများက အသင်းခေါင်းဆောင်ဖြစ်ရန် ရေပန်းစားနေပြီး ပြီးခဲ့သည့်ဇန်နဝါရီလက ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပြောင်းရွှေ့လာခဲ့သည့် ဗဟိုခံစစ်ကစားသမား မက်ခ်ဂူဟီက အသင်းခေါင်းဆောင်သစ်ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် မြဝတီအသင်းနှင့် ရောဝတီအသင်းတို့အနိုင်ရ

ရန်ကုန် ဩဂုတ် ၉

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ဒုတိယနေ့ပွဲစဉ်ဖြစ်သည့် မြဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့သည် ပဒုမ္မာကွင်း၌လည်းကောင်း၊ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် သုဝဏ္ဏကွင်း၌လည်းကောင်း ယနေ့ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြဝတီအသင်းနှင့် ရောဝတီအသင်းတို့နိုင်ပွဲရခဲ့ကြသည်။

မြဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့သည် ရမှတ်ခြောက်မှတ်စီတူညီနေကြပြီး မြဝတီအသင်းကအမှတ်ပေးဇယား အဆင့်(၇)နေရာနှင့် ဇွဲကပင်အသင်းက အမှတ်ပေးဇယားအဆင့်(၉)တွင်ရပ်တည်နေကြသည်။ ယနေ့ပွဲတွင်မြဝတီအသင်းက ဘောလုံးပိုင်ဆိုင်မှုယူကာ ပွဲကိုဦးဆောင်ကစားနိုင်ခဲ့၍ ပွဲကစားချိန် ၁၈ မိနစ်တွင် မြနှင်းဝေက မြဝတီအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး နှစ်ဖက်အသင်းဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းပြီးဆုံးချိန်တွင် မြဝတီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်ကစားသမား ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းရရှိသည့် ဦးဆောင်ဂိုးဖြင့်ပင် မြဝတီအသင်းက ဇွဲကပင်အသင်းကို အနိုင်ရရှိသွားသည်။

ထို့အတူ အမှတ်ပေးဇယားအဆင့်(၂) နေရာမှရောဝတီအသင်းနှင့်အမှတ်ပေးဇယားအဆင့်(၃) နေရာမှ ရှမ်းယူနိုက်တက်တို့ပွဲတွင် ပွဲစသည်နှင့်သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ပွဲကစားချိန်မိနစ် ၃၀ အရောက်တွင် ဖြူဖြူဝင်း၏ပေးပို့မှုကနေ မေထက်လူကဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဦးဆောင်ဂိုးသွင်းယူပြီးသိပ်မကြာမီမှာပင် ပွဲကစားချိန် ၃၃ မိနစ်တွင် နန်းခိုင်ဇင်မြင့်က ရောဝတီအသင်းအတွက် ဒုတိယဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရောဝတီအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။



ဒုတိယပိုင်းပြန်စပြီးမကြာမီ ပွဲကစားချိန် ၄၉ မိနစ်တွင် ဖြူဖြူဝင်း၏ထောင့်ကန်ဘောကို ရှင်းထုတ်ရာမှ နောက်တန်းကစားသမားဖျက်ထုတ်ရင်းဂိုးပေးခဲ့ရ၍ ရောဝတီအသင်း တတိယဂိုးရရှိသွားသည်။ လက်ကျန်ပွဲကစားချိန်များအား အပြန်အလှန်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ရောဝတီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့်ပင် အနိုင်ရရှိသွားသည်။

ဝန်းရံခ



# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၉

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး ၄ ဂိုး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းကို ၁၃ ဂိုး ၂ ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၉ ဂိုး ဂိုးမရှိ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၁၀ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ်ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# ချင်းတွင်းမြစ်ရေ၊ သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂ ပေကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

(မိုး/ဇလ)

▼ ကျောဖုံးမှအဆက်

ပူးတွဲသရေဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ဒုတိယခေါင်းတွဲဆိုင်းဖြစ်သည့် (၆၇ ကီလိုတန်း - ၅ ချီ)ပွဲစဉ်၌ MLWC ရွှေတံဆိပ်ရှင် နိုင်ဝင်းထွန်း (Nine Lethwei)နှင့် ကရင်အောင်လံဆုရှင် ကမ္ဘာရှား(ဇာထက်မိတ္ထီလာ)တို့ ပွဲ၌ စတုတ္ထအချီတွင် သူတင်ကိုယ်တင်ထိုးသတ်ရင်း နိုင်ဝင်းထွန်း၏ တံတောင်ရိုက်ချက်ထိကာ ကမ္ဘာရှား ဆေးရှုံးဖြင့် ရှုံးနိမ့်သွား၍ နိုင်ဝင်းထွန်း ချန်ပီယံခါးပတ်ရရှိသွားသည်။

အခြားပွဲစဉ်များဖြစ်သည့် (၅၃ ကီလိုတန်း - ၄ ချီ)ပွဲစဉ်၌ မြန်မာ့လက်ဝှေ့လောက၏ မျိုးဆက်သစ်လူငယ်လက်ဝှေ့ကျော် ဒေါင်းမိုက်သွေး(Nine Lethwei)နှင့် စောရူဘီ(YMA)၊ (၆၅ ကီလိုတန်း - ၄ ချီ)ပွဲစဉ်၌ ကရင်အောင်လံဆုရှင် အောင်ကိုလတ်(Ray)နှင့် စောထိန်လင်း(555 Sports)၊ (၅၆ ကီလိုတန်း - ၅ ချီ)ပွဲစဉ်၌ MLWC ရွှေတံဆိပ်ရှင် ဆလိုင်းထန်ခွီးရှိန်(ကျားမနိုင်)နှင့် Sky Net ရွှေအောင်လံဒုတိယဆု၊ SEA Games ကြေးတံဆိပ်ဆုရှင် ဟိန်းထွန်းအောင်(ခေးယူးဝါး)၊ (၆၀ ကီလိုတန်း - ၅ ချီ)ပွဲစဉ်၌ MLWC ရွှေခါးပတ်ချန်ပီယံ အဲမို့(အဲကညော)နှင့် Sky Net ရွှေအောင်လံဆုရှင် သန့်ဇင်(ပိုင်သွန်တော်ဝင်ရော)တို့ ပွဲစဉ်များတွင် သူတင်ကိုယ်တင်ထိုးသတ်ခဲ့ကြသော်လည်း အလဲမထိုးသတ်နိုင်သည့်အတွက် ပူးတွဲသရေဖြင့်သာ ပြိုင်ပွဲပြီးဆုံးခဲ့ကြသည်။

ဝန်းရံခ

သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်လူးအုပ်စု၊ ညောင်လူးကျေးရွာနေ ဒေါ်သီတာဝင်း(ဘ)ဦးတင်အောင် ၉/တကန(နိုင်)၁၉၂၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 145941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၃၅၄၂၈၁

**ပျောက်ဆုံးကြောင်း**
မင်းထွေး(ဘ)ဦးစိုးဝင်း ၇/တငန(နိုင်)၂၀၆၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၅၆၂၅၈

**ပျောက်ဆုံးကြောင်း**
စံပယ်မြင့်(ဘ)ဦးပိန် ၇/ဒဥန(နိုင်)၁၄၂၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝါဝါနိုင်(ဘ)ဦးအောင်ထွန်းကြိုင် ၈/မလန(နိုင်)၁၃၅၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ငွေးလှိုင်(ဘ)ဦးပိုင်ညွန့် ၅/ယမပ(နိုင်)၁၁၇၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မနန်းမိုဟွမ်(ဘ)ဦးစိုင်းစံမိန်း ၁၃/နမတ(နိုင်)၀၈၂၄၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 863796)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၅၈၉၂၀၆

**ပျောက်ဆုံးကြောင်း**
ဝင်းထက်ဝင်း(ဘ)ဦးအောင်သိန်း ၁၂/ဥကမ(နိုင်)၂၂၄၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 414790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၄၁၇၂၂၅


**ပျောက်ဆုံးကြောင်း**
ခိုင်မြင့်သူ(ဘ)ဦးရဲမြင့် ၁၂/ဒဂမ(နိုင်)၀၂၃၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၀၇၂၆

**ပျောက်ဆုံးကြောင်း**
နန်းစိန်မြ(ဘ)စိုင်းဆိုင်ဝမ်း ၁၃/ဆဆန(နိုင်)၁၀၀၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**
နှင်းဝေမွန်(ဘ)ဦးကျော်မျိုး ၁၂/ဥကတ(နိုင်)၂၂၀၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၉၅၆၆၄

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ခင်စိန်ကြည်လည်း လမ်းသွားလမ်းလာတို့အား ကြည့်လျက်နေစဉ်ရုံးစာရေးနှင့်တူသောလူနှစ်ယောက်တို့သည် တောက်ပပြောင်လက်သော အဝတ်အစားတို့ကို ဝတ်ဆင်လျက် တုတ်ကောက်လေးများကို ယမ်းလျက်လာကြရာ ခင်စိန်ကြည်၏အနီးသို့ရောက်လျှင် ရဲတင်း၍အရှက်မရှိသော မျက်စိတို့ဖြင့် စိုက်ကြည့်ကြလေ၏။ ခင်စိန်ကြည်၏ ဣန္ဒြေရှိသော မျက်နှာထားနှင့် မိန်းမကောင်းပီသသောအမူအရာကို မြင်လျှင် မျက်စိကိုအောက်ချလျက်သွားကြကုန်၏။ ထို့နောက် ကောင်းမွန်သပ်ရပ်စွာဝတ်စားဆင်ယင်လျက် အရုပ်အရည်ချော၍ ယဉ်ကျေးဖွယ်ရာသော အမူအရာရှိသည့် လူတစ်ယောက်သည် လျှောက်လာရာ ခင်စိန်ကြည်သည် ၎င်းလူကိုမြင်လျှင် တစ်ကိုယ်လုံး တုန်လှုပ်လျက် ဝမ်းသာရမည်ကဲ့သို့ဖြစ်လေ၏။

၎င်းလူလည်း ခင်စိန်ကြည်အနီးသို့ရောက်လျှင် စာရေးနှစ်ယောက်ကဲ့သို့ စားတော့ဝါးတော့မလို ရဲတင်းသောမျက်နှာထားဖြင့်မကြည့်ဘဲ ယောကျ်ားကောင်းပီပီ အရုပ်အရည်ချောသည်ကို ချီးမွမ်းသောမျက်နှာထားနှင့်သာလျှင် "တယ်ချောတဲ့မိန်းမတစ်ယောက်ပါကလား"ဟု အောက်မေ့လျက် ကြည့်လေ၏။ "ချောလဲချော ဝတ်ပုံစားပုံကလည်း ဗိုလ်ခပ်ဆန်ဆန်၊ အမူအရာကလည်း တည်တည်တံ့တံ့၊ ဘယ့်နှယ်ကြောင့် တစ်ယောက်တည်း ထိုင်နေပါလိမ့်မယ်၊ အလိုဒီမျက်နှာ ငါမြင်ဖူးပါတယ်"

"ဩော်..."ဟု သတိရ၍ "ခင်စိန် အဟင်း အမိန့်တော်ရမင်း ဦးထွန်းမြတ်ကတော် မဟုတ်ပါလားခင်ဗျား"ဟု အနီးသို့ကပ်၍မေးလျှင် ခင်စိန်ကြည်လည်း ယီးတီးယောင်တောင်ဖြစ်လျက် "ဟုတ်ပါသည်"ဟု ပြောလေ၏။

"လူချင်းမတွေ့ကြတာ အပုံကြီးကြာပြီ၊ ယခုလို ဘွားခနဲတွေ့ရပြန်တော့ တွေ့ရတဲ့အတွက် ဝမ်းမြောက်တာနဲ့ အရင်ကလိုပဲသွားပြီး အောက်မေ့မိပါတယ်" ပြောပြီးလျှင် ခုံရှည်၏တခြားအစွန်းတွင် ဝင်၍ထိုင်လေ၏။ ခင်စိန်ကြည်၏မျက်နှာမှာလည်း ဖျော့တော့ခြင်းကင်း၍ ကျန်းမာသောအခါကကဲ့သို့ ရုတ်တရက်ဖြစ်၍သွားသည်ကို ၎င်းလူသည်မြင်လျှင် "ဒီလောက်ချောတဲ့မိန်းမကို မမြင်ရတာကြာလှပြီ"ဟု အောက်မေ့မိလေ၏။

"မိတ္ထီလာကို ဘာကိစ္စလာပါသလဲ ခင်ဗျာ"

"ကျွန်မ တယ်မကျန်းမမာလို့ ဆရာဝန်များက အဝေးမြို့ရွာ ခေတ္တသွားပြီး လည်ရမယ်ဆိုလို့ ကိုထွန်းမြတ်လည်း ဒီကနေ့ပဲ ပြန်သွားတယ်၊ ကိုသက်ညွန့်ဒီမှာနေသလား"

"ဒီမှာ မနေပါဘူး၊ ဟုတ်ပဲ့ ကြည့်ရတာလည်း အင်မတန်မမာတဲ့လက္ခဏာရှိပါတယ်၊ ကျွန်တော်လည်း ကံအားလျော်စွာ ဒီမှာရှိတဲ့အခိုက် တန်တာရှိရင် ခိုင်းပါ၊ ကျွန်တော်ဆောင်ရွက်ပါ့ရစေ" ဟု ပြောလေ၏။ ခင်စိန်ကြည်မှာလည်း မောင်သက်ညွန့်ကိုတွေ့ရသည်နှင့် အဘယ်ကြောင့် ဤမျှလောက် တုန်လှုပ်ရလေသနည်းဟု မိမိကိုယ်မိမိ စိတ်လည်းဆိုး၊ မိမိသည် မောင်သက်ညွန့်ကို လုံးလုံးမေ့ပြီဟု အောက်မေ့မိခဲ့ရာမှလည်း ယခုမှ လုံးလုံးမမေ့သေးကြောင်းကို သိရလေ၏။

"ကျေးဇူးတင်လှပါတယ်ရှင်၊ ဆောင်ရွက်စရာတော့မရှိပါဘူး၊ မိန္နစ်ကလည်း လာခဲလိုက်တာ၊ ကျွန်မ ပြန်ချေပါဦးမယ်ရှင်"

"အမိန့်တော်ရကတော်ကြည့်ရတာ အင်မတန်နေမကောင်းပုံရလိုက်တာ၊ တစ်ယောက်တည်းပြန်လို့ မတော်ဘူး မှတ်ပါတယ်၊ ကျွန်တော်လိုက်ပို့ပါရစေ"ဟု ပြော၍ ခင်စိန်ကြည်နှင့်အတူလိုက်လာလျှင် ခင်စိန်ကြည်မှာ မောင်သက်ညွန့်နှင့် ဆွေမျိုးနီးစပ်လည်းတော်သည့်အဖြစ်ကို သတိရ၍ မလိုက်ပါနှင့်တော့ဟု အတင်းငြင်းဆန်ရန်ခက်သဖြင့် လိုက်ရန်ခွင့်ပြုလေ၏။

"ကျွန်တော်တို့မမ ဝတ်လုံကတော်ကြီးနဲ့များတွေ့သေးသလား"

"ဝတ်လုံကြီးနဲ့ မောင်သက်တင်လေးတော့ တစ်ခါတစ်ခါ လာလည်ကြပါရဲ့၊ ဝတ်လုံကတော်နဲ့တော့ တစ်ခါမျှမတွေ့ဘူး"

"ကျွန်တော်လည်း သူတို့နဲ့ ဟိုတုန်းကတည်းက တစ်ခါမျှမတွေ့ရသေးဘူး၊ ကျွန်တော်လည်း မိတ္ထီလာကို မနေ့ကပဲရောက်တယ်"

"အလည်ပဲလား"

"ဟုတ်ကဲ့ အလည်ပါပဲဆိုပါတော့၊ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်က ဒီမြို့မှာ မြို့အုပ်ဖြစ်လေတော့ အလည်လာခဲ့ပါဆိုလို့ မရောက်ဖူးတာနဲ့ လာလည်ပါတယ်"

"ဘယ်နှရက်လောက်ကြာမယ် အောက်မေ့သလဲ"

"မပြောတတ်ပါဘူး၊ မနေ့က တစ်ရက်၊ ဒီကနေ့တစ်ရက်လျှောက်လည်တာနဲ့ပဲ တော်တော်နှံ့သွားပါပြီ၊ ဒီမြို့ကလည်း မြို့ကလေးကိုး၊ ရန်ကုန်၊ မန္တလေးတို့လိုတော့ လည်ပတ်စရာမပေါတာနဲ့ မနက်ဖြန်လောက်ပြန်မယ် အောက်မေ့မိတာပဲ"

"မနက်ဖြန် ဘယ်ရထားနဲ့လဲ"

"အခုတင်ကတော့ ပြန်မယ်အောက်မေ့မိတာပဲ၊ အခုတော့လည်း ပြန်ချင်တဲ့စိတ်မရှိပြန်ဘူး"ဟု ခင်စိန်ကြည်ကိုကြည့်လျက်ပြောရင်းပင် တည်းခိုရာအိမ်အနီးသို့ ရောက်သဖြင့် ခင်စိန်ကြည်က "ဟော... ကျွန်မတို့တည်းတဲ့အိမ်ရောက်ပြီ"ဟု ပြော၍ အိမ်တွင်းသို့ဝင်သွားရာ မောင်သက်ညွန့်လည်း ဆွေမျိုးတော်စပ်သည် အောက်မေ့၍ မဖိတ်မခေါ်ဘဲ အိမ်အတွင်းသို့ဝင်၍လိုက်သွားလေ၏။

အိမ်တွင်းသို့ရောက်လျှင် အမိန့်တော်ရမင်း မောင်ဘစံနှင့် အမိန့်တော်ရကတော်တို့ကို မောင်သက်ညွန့်က "ရွှေဘိုမှာရှိတဲ့ ခင်တို့ ဒေါ်ဒေါ် ဝတ်လုံကတော်က ကျွန်တော်နဲ့ မောင်နှမပါပဲ၊ ဒီကခင်နဲ့ ကျွန်တော်နဲ့လည်း ရွှေဘိုမှာနေတုန်းက မောင်လိုနှမလို တစ်အိမ်တည်းအတူနေလာခဲ့ကြ၊ ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်း မြို့အုပ်မင်း မောင်ဘကြည်ထံ ခေတ္တအလည်လာခိုက် အခန့်သင့်ပဲ ခင်နဲ့ ရေကန်နားတွေ့လို့ အိမ်သိရအောင် လိုက်ပြီးကြည့်လာပါတယ်၊ အခုဒီက နောင်တော်နဲ့ အစ်မတို့မျက်နှာမြင်ရ မြင်မြင်ချင်းပဲ မိတ်ဆွေအရင်းလို အောက်မေ့မိပါတယ်၊ ကျွန်တော်ရှိတဲ့အခိုက် မြို့အုပ်မင်းအိမ်ကိုလည်း လာလည်တော်မူကြပါ၊ ရန်ကုန်များရောက်လို့ရှိရင်လည်း ကျွန်တော်တို့အိမ်မှာပဲ တည်းကြပါ" စသည်ဖြင့်ပြောပြီး မိတ်ဆွေဖွဲ့ရာ အမိန့်တော်ရမင်းလင်မယားလည်း မောင်သက်ညွန့်၏အမူအရာနှင့် ပြောပုံဆိုပုံတို့ကို နှစ်သက်လှ၍ ကောင်းမွန်စွာဝတ်ပြုပြီးလျှင် အကျွမ်းဖွဲ့ကုန်၏။

နာရီဝက်ခန့်ရှိလျှင် မောင်သက်ညွန့်သည် သွားတော့မည်ဟုထ၍–

"မနက်ဖြန်ကော ခင် လမ်းလျှောက်ဦးမလား"ဟု မေးလျှင် "မပြောတတ်သေးဘူး" ဟု ပြန်ပြောရာ "လမ်းလျှောက်လို့ရှိရင် တစ်ယောက်တည်းလျှောက်လို့မတော်ပေဘူး မှတ်တယ်၊ ဒီက မင်းကတော်ကလည်း ကလေးတွေနဲ့တော့ မအားပေဘူး၊ ကျွန်တော်ကတော့ လူအားသက်သက်ဖြစ်တော့ ကျွန်တော်ရှိတဲ့အခိုက် စောင့်ရှောက်ဖို့ဝတ္တရားရှိတဲ့အတိုင်း စောင့်ရှောက်မှ တော်မယ်၊ ကိုထွန်းမြတ်ကလည်း သူ့မိန်းမကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်မယ်မဟုတ်လား" ဟု ခင်စိန်ကြည်၏မျက်နှာကိုကြည့်ကာ ပြော၍နှုတ်ဆက်ပြီးထွက်သွားလေ၏။

နောက်တစ်နေ့ ညနေ နေအေးချိန်၌ မောင်သက်ညွန့်သည် အခါတိုင်းထက်ပင် ဂရုစိုက်၍ ကောင်းမွန်ရှုချင့်ဖွယ်ရှိအောင် ဝတ်စားဆင်ယင်လျက် ခင်စိန်ကြည်ရှိရာ အိမ်သို့လာပြီးလျှင် "ဘယ့်နှယ်လဲခင်၊ ကျွန်တော်က နောက်ကျနေသလား"ဟု အမှန်သွားမည်ကို သိသည့်အဟန်နှင့်မေး၍ ခင်စိန်ကြည်၏ထီးလေးကို ယူပေးရာ ခင်စိန်ကြည်မှာ ဘာမျှပြန်၍မပြောနိုင်ဘဲ ထွက်၍လာခဲ့ရလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ဝါးခယ်မမြို့နယ်၌ မိုးစပါးရာသီ ထွန်တုံးပိတ်ပွဲအခမ်းအနားကျင်းပ



ဝါးခယ်မ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာအုပ်စု တောကြီးကျေးရွာ ကွင်းအမှတ် (၁၀၁၅) ဦးပိုင်အမှတ်(၅၇/၁)ရှိတောင်သူ ဦးကြီးမြင့်၏ လယ်ယာမြေ သုည ဒသမ ၅ ဧက၌ ယမန်နေ့က ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ ထွန်တုံးပိတ်ပွဲအခမ်းအနားကျင်းပသည်။

အဆိုပါထွန်တုံးပိတ်ပွဲတွင် ကောက်စိုက်သမများက ဖျော့ထွန်းစပါးမျိုးအား လက်စိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုကို မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တောင်သူများက ကြည့်ရှုကြသည်။

ထို့နောက် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ရီရီလွင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စာဖတ်ဝိုင်းကျင်းပ

ပဲခူး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် ပဲခူးမြို့ စာပေဥယျာဉ်စာကြည့်တိုက်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးလူငယ်စင်တာ စာကြည့်တိုက်၌ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစည်သူထွန်းက အဖွင့်အမှာစကားပြောကြားပြီး လူငယ်မောင်မယ်များက "ငါတို့အနာဂတ် ငါတို့ဖတ်စာ" စာအုပ်နှင့် "လူငယ်နှင့်ဘဝလက်ဆောင်" စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာ စာကြည့်တိုက်မှူး ဒေါ်တင်နွယ်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာ ကွန်ပျူတာသင်တန်းဆရာ ဦးအောင်သူတို့က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် လူငယ်စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော လူငယ်မောင်မယ်များအား ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်စင်တာ စာကြည့်တိုက်မှူးတို့က ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။

(၄၁၀)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ မအူပင်မြို့နှင့် ပုသိမ်မြို့တို့ရှိ တက္ကသိုလ်များနှင့် ခရိုင်အားကစားကွင်းအဆင့်မြှင့်တင်နိုင်မည့် အခြေအနေများသွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်း**

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်းသို့ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဟင်္သာတခရိုင်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားသမားများ အဆင့်မီမီ ကစားနိုင်ရေး၊ ပွဲကြည့်ပရိသတ်များအဆင့်မီမီ ကြည့်ရှုနိုင်ရေးအတွက် ပွဲကြည့်စင်နှင့်မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး စနစ်တကျတွက်ချက်တင်ပြဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန်ကူညီ



ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့ဝင်များက ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းပေးစဉ်။

နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ၌ ဩဂုတ်လ ၅ ရက်နေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကျေးရွာ၊ ရပ်ကွက်များနှင့် လယ်ယာစိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ကျေးရွာ၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဦးမြို့နယ်ရှိ ဆီဆုံကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား

စာမျက်နှာ ၁၃ ကော်လံ ၁ ◆◆



## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် နိုင်ဝင်းထွန်း ရွှေခါးပတ်ချန်ပီယံဆွတ်ခူးပြီး ထွန်းမင်းအောင်နှင့် ရာမန်တို့သရေကျ

ရန်ကုန် ဩဂုတ် ၉

မြန်မာစီးပွားရေးကော်ပိုရေးရှင်းက အဓိကပံ့ပိုးကူညီပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Arts Group (MMAG)မှ ကျင်းပသည့် (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာ့ရိုးရာလက်ဝှေ့ခန်းမ၌ ကျင်းပရာ နိုင်ဝင်းထွန်းက ရွှေခါးပတ်ချန်ပီယံဆွတ်ခူးရရှိသွားသည်။

ယင်းပြိုင်ပွဲ၏ ခေါင်းတွဲဆိုင်းဖြစ်သည့် ၇၅ ကီလိုတန်း (၅ ချီ)စိန်ခေါ်ပွဲတွင် MLWC ရွှေတံဆိပ်ရှင် ထွန်းမင်းအောင်(Top One)နှင့် SEA Games ကြေးတံဆိပ်၊ MLWC ရွှေတံဆိပ်ဆုရှင် ရာမန်(ရိုးရာစွမ်းအား)တို့ပွဲတွင်

စာမျက်နှာ ၃၀ ကော်လံ ၄ ▼

**ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ**

စာ – ၂၂ သို့

**မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်**

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊

စာမျက်နှာ ၁၅ ကော်လံ ၃ ⊃